မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၂၁ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၅၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၏ ကိုယ်ရေးအကျဉ်းပြတ္တိ

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း။

မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းသည် ၁၉၅၄ခုနှစ် ဇွန်လ ၃ ရက်နေ့က လာအိုနိုင်ငံ ဆာလာဝမ်ခရိုင်တွင် မွေးဖွားခဲ့သည်။ ၄င်းသည် ၁၉၆၁ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ လာအိုနိုင်ငံ ဆာလာဝမ်ခရိုင်နှင့် ချမ်ပါဆပ်ခရိုင်တို့တွင် ကျောင်းပညာ စတင်သင်ကြားခဲ့သည်။ ၄င်းသည် ၁၉၉၀ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ကို ယခင် ဆိုဗီယက်ပြည်ထောင်စု မော်စကိုမြို့ရှိ ကွန်မြူနစ်ပါတီတက္ကသိုလ်မှ ရရှိခဲ့သည်။

တာဝန်ထမ်းဆောင်

၄င်းသည် ၁၉၇၄ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အထိ ချမ်ပါဆပ်ခရိုင် ဝန်ကြီးအဖွဲ့တွင်လည်းကောင်း၊ ၁၉၈၁ မှ ၁၉၉၄ အထိ လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီ၏ ဝန်ကြီးအဖွဲ့တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၄မှ ၁၉၉၆ အထိ ၄င်းသည် ဝန်ကြီးချုပ်ရုံးတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ မှ ၂၀၀၁အထိ လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၄င်းသည် ၂၀၀၁ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ လာအိုပြည်သူ့ တော်လှန်ရေးပါတီ နိုင်ငံရေးဗျူရို၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပါတီနိုင်ငံရေးဗျူရို အမြဲတမ်းအဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၄င်းသည် ၂၀၀၃ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ လာအိုပြည်သူ့တော်လှန်ရေးပါတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် အမြဲတမ်း ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရပြီး လာအိုပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၆ခုနှစ် ဇွန်လမှ စတင် ခန့်အပ်ခြင်းခံခဲ့ရသည်။ မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး လေးဦးရှိသည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၀-၆-၂၀၁၀

ကျောက်တော်မြို့	၃ ဒသမ ၃၅ လက်မ
ကျောက်ဖြူမြို့	၂ ဒသမ ၀၀ လက်မ
မြစ်ကြီးနားမြို့	၁ ဒသမ ၉၃ လက်မ
ကလောမြို့	၁ ဒသမ ၇၇ လက်မ

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောမြို့နယ်အတွင်း

သဘာဝဘေးဒဏ်သင့် ပြည်သူများနှင့်တွေ့ဆုံ၍ ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

နေပြည်တော် ဇွန် ၂၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ ဥက္ကဋ္ဌ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဦးမောင်မောင်ဆွေ၊ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေ၊ အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများသည် ဇွန် ၁၉ရက် နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့မှ *စာမျက်နှာ ၃ ကော်လံ ၁* ❍

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ ဥက္ကဋ္ဌ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့ မောင်တောမြို့နယ်၌ သဘာဝဘေးဒဏ်သင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၂၁ ရက်)

ကုန်းတွင်းပိုင်းလမ်းကြောင်းမှ ပို့ကုန်များပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းစွမ်းဆောင်

ပြည်ပကုန်သွယ်ရေးလုပ်ငန်းများကို အဓိကအားဖြင့် ယခင်က ပင်လယ်ရေကြောင်းထွက်ပေါက်များမှသာ ဆောင်ရွက်ခဲ့သည်။ ယခုအခါ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကြီးမှတစ်ဆင့် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများကို သွက်သွက်လက်လက် ဆောင်ရွက်လျက်ရှိသည်။

ကုန်းတွင်းပိုင်းလမ်းကြောင်း ကုန်သွယ်ရေးစခန်းများအဖြစ် မြဝတီစခန်း၊ တမူးစခန်းတို့လည်း ပုံမှန်ကုန်သွယ်မှုလုပ်ငန်းများအဖြစ် လုပ်ကိုင်လျက်ရှိသည်။ ကုန်းတွင်းပိုင်း ကုန်သွယ်မှုများတွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် ကုန်သွယ်မှုပမာဏ အများဆုံးပင်ဖြစ်သည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် နယ်စပ်ကုန်သွယ်မှုအဆင့်မှ ပုံမှန်ကုန်သွယ်မှုအဆင့်သို့ မြှင့်တင်၍ နိုင်ငံတော်၏ ပြည်ပကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မူဆယ် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ လယ်ယာထုတ်ကုန်ပစ္စည်းများဖြစ်သော ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းပို့ကုန်ပစ္စည်းကိုလည်းကောင်း၊ သရက်သီး၊ ဖရဲသီး၊ သခွားမွေး စသည့် သစ်သီးဝလံများကိုလည်းကောင်း တင်ပို့ရောင်းချပေးလျက်ရှိသည်။

ခဲ၊ သတ္တု၊ ကျောက်စိမ်းစသည့် သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်နှင့်သစ်တောထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများအဖြစ် ငါး၊ ပုစွန်၊ ငါးရှဉ့်၊ ကဏန်းတို့ကို ကုန်သွယ်တင်ပို့လျက်ရှိသည့်အနက် မြန်မာ-တရုတ်ကုန်သွယ်ရေး စခန်းဖြစ်သော မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းသို့ မြန်မာ့ကဏန်းများကိုတင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သော ဇွန်လပထမပတ်အတွင်းက ၁၀ကီလိုဂရမ်ရှိ ကဏန်း သေတ္တာ ၁၀၀ တင်ပို့နိုင်ခဲ့သည်။

တစ်ဖက်နိုင်ငံမှ သွင်းကုန်များအဖြစ် သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ စက်နှင့် စက်ကိရိယာပစ္စည်းများ၊ ကွန်ပျူတာနှင့် အခြားဆက်စပ်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းကိရိယာများ၊ ဓာတ်မြေဩဇာများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် လူသုံး၊ အိမ်သုံးကုန်ပစ္စည်းများ ဝယ်ယူတင်သွင်းလျက်ရှိသည်။

နိုင်ငံတော်၏ ပို့ကုန်၊ သွင်းကုန်များကို ပိုမိုဖြစ်ထွန်းအောင်မြင်လာရန်၊ ကုန်းတွင်းပိုင်း ကုန်သွယ်ရေးလမ်းကြောင်းကို ပင်လယ်ရေကြောင်းထွက်ပေါက် ရန်ကုန်ဆိပ်ကမ်းကဲ့သို့ နိုင်ငံတော်၏ အဓိကအားထားရသော လမ်းကြောင်းဖြစ်ရန် ကြိုးပမ်း၍ ပို့ကုန်ပစ္စည်းများ ပိုမိုတင်ပို့ ရောင်းချနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များက ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရည်အသွေးပြည့်မီသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေး အလေးထားဆောင်ရွက်ပေး

ရန်ကုန် ဇွန် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယမန်နေ့ နံနက် ၁၁နာရီက ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီးအား ပါမောက္ခချုပ် ပါမောက္ခဒေါက်တာနိုင်ဝင်းက တက္ကသိုလ်ရှိ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်း ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာဌာနနှင့် ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှုနည်းပညာဌာနတို့၌ သင်ကြားပေးလျက်ရှိသော ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီးက **(အပေါ်ပုံ)** ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သော ပညာရှင်များသည် ကျန်းမာရေးစောင့်ရှောက်ကုသမှုလုပ်ငန်းများတွင် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်နေရသဖြင့် နိုင်ငံတကာနှင့် ယှဉ်နိုင်သည့် အရည်အသွေးပြည့်မီသော လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ရေး အလေးထားဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အင်းစိန်ခရိုင် ပြန်/ဆက်ရုံး၌ ကျင်းပ

ရန်ကုန် ဇွန် ၂၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး (အင်းစိန်)နှင့် ခရိုင်အတွင်းရှိ မြို့နယ်ရုံးများ၏စာကြည့်တိုက် ကတ်တလောက်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၇ရက် နံနက် ၁၀နာရီက အင်းစိန်ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အလုပ်ရုံဆွေးနွေးပွဲတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်ဖြူဖြူက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး အင်းစိန်မြို့နယ် ဦးစီးမှူး ဒေါ်ခင်နှင်းကြည်နှင့် ရွှေပြည်သာမြို့နယ်ရုံး စာထောက်(၃) ဒေါ်ဇင်ငြိမ်းအိတို့က **(ယာပုံ)** စာကြည့်တိုက် ကတ်တလောက်ဆိုင်ရာလုပ်ငန်းများ သရုပ်ပြဆွေးနွေးပို့ချရာ ခရိုင်အတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အမေရိက်မှ ပိုနာသည်** တရားတော် (ဆရာတော် ဦးသုခေမိတ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၂၃)
- ၈:၃၀ Activities in the City (ရခိုင်နွယ်ဖွား ဆရာတော်ဘုရားများအား ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနား)
- ၈:၅၀ ကုသိုလ်အမျှ ညီတူရစေများဝေနေ
- ၉:၀၀ အလှဖွဲ့ဆင် ဖန်တီးရှင်အတွက် အမှတ်တရ
- ၉:၂၅ တောင်တန်းပေါ်က စိန်တစ်လုံး
- ၉:၄၀ Global Panorama
- ၁၀:၃၅ လှမ်းလာခဲ့ပါ.... နှောင်အင်းလေးကကြိုနေမှာ
- ၁၀:၅၅ International Show Biz
- ၁၁:၁၅ လူငယ်အများ သွေးသန့်စင် အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင် (ဒေါက်တာခင်မောင်လွင်၊ ပါမောက္ခဒေါက်တာနေဝင်း)
- ၁၁:၃၅ သင်ယူလေ့လာ ဂီတပညာ (Shine Melody)
- ၁၂:၀၀ **ငါးရစ်မျိုးငါး....ဒို့မစား** ဇရာ၊ ခိုင်သင်းကြည် (ဒါရိုက်တာ-ရဲဝင်းနီ)
- ၁၂:၁၀ စာအုပ်ပြခန်း **တာဝန်ကျေခဲ့ပါသည်** စာအုပ်ရေးသားသူ ဆရာစစ်နွေနှင့် တွေ့ဆုံခြင်း
- ၁၂:၃၅ မြန်မာတို့၏ စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
- ၁၂:၄၅ လင်းလက်သော ကြယ်ပွင့်လေးများ စုဝေးတည်ရှိခြင်း
- ၁:၀၀ **အမေရိက်မှ ပိုနာသည်** တရားတော် (ဆရာတော် ဦးသုခေမိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Celebrity Choice (ရန်ရန်ချမ်း)
- ၃:၁၅ ကြိုးသဲမြို့မှ စည်းလုံးချည်
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၂၃)
- ၄:၀၅ ကုသိုလ်အမျှ ညီတူရစေများဝေနေ
- ၄:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Certificate Presentation Ceremony for ES4E Summer Course 2010)
- ၄:၃၀ လူငယ်အများ သွေးသန့်စင် အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင် (ဒေါက်တာခင်မောင်လွင်၊ ပါမောက္ခဒေါက်တာနေဝင်း)
- ၄:၅၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် **ဖြူစင်တဲ့ နှလုံးသား** ဇေယျ၊ ထူးသာ၊ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည် [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
- ၅:၁၅ Activities in the City (ရခိုင်နွယ်ဖွား ဆရာတော်ဘုရားများအား ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနား)
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ International Show Biz
- ၆:၃၅ အနုပညာမိုးကောင်းကင်
- ၇:၀၀ အသွင်ပြောင်းစေမည့် Fiber Tech
- ၇:၁၀ စာအုပ်ပြခန်း **တာဝန်ကျေခဲ့ပါသည်** စာအုပ်ရေးသားသူ ဆရာစစ်နွေနှင့် တွေ့ဆုံခြင်း
- ၇:၃၀ သင်ယူလေ့လာ ဂီတပညာ (Shine Melody)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Celebrity Choice (ရန်ရန်ချမ်း)
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၂၃)
- ၁၀:၀၀ အလှဖွဲ့ဆင် ဖန်တီးရှင်အတွက် အမှတ်တရ
- ၁၀:၂၅ Sports World
- ၁၀:၄၅ ခံစားမှုရသစုံလင်.... အမျိုးသားကန်တော်ကြီးဥယျာဉ်
- ၁၁:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၃၀ ရန်ကုန်မြင်ကွင်းကျယ် (Certificate Presentation Ceremony for ES4E Summer Course 2010)
- ၁၁:၄၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် **ဖြူစင်တဲ့နှလုံးသား** ဇေယျ၊ ထူးသာ၊ ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည် [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
- ၁၂:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

❍ ရှေ့မှ

ခြေကျင်ခရီးဖြင့် ဘူးသီးတောင်-မောင်တောကားလမ်း မိုင်တိုင်အမှတ် ၆မိုင်နှင့် ၈မိုင်အကြားသို့ ရောက်ရှိကြပြီး ဇွန် ၁၃၊ ၁၄နှင့် ၁၅ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှု၊ ရေကြီးမှုတို့ကြောင့် သစ်ပင်များပြိုလဲခြင်း၊ သံကူကွန်ကရစ် တံတားကြီးများ ကျိုးပဲ့ပျက်စီးသွားမှုအခြေအနေ၊ ကားလမ်းမကြီးပေါ်သို့ သစ်ပင်ကြီးများပြိုလဲနေမှု၊ ပြန်လည်ဖယ်ရှားဆောင်ရွက်နေမှု၊ ဘူးသီးတောင်-မောင်တောကားလမ်းမပေါ်၌ ပိတ်ဆို့နေသော မြေကြီးများအား ယန္တရားများဖြင့် ဖယ်ရှားနေမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးများသည် နံနက် ၁၀နာရီတွင် မောင်တောမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာ မောင်တောခရိုင်ဥက္ကဋ္ဌ ဦးထွန်းနိုင်လင်းနှင့် နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် ကွပ်ကဲရေးမှူးတို့က မောင်တောခရိုင်ရှိ လူနေအိမ်များ၊ အဆောက်အအုံများပျက်စီးမှု၊ ရေကြီးနစ်မြုပ်မှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် အိမ်ထောင်စုများအား ယာယီရွှေ့ပြောင်းနေရာချထားပေးခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ ထိခိုက်ဒဏ်ရာရ၊ သေဆုံးမိသားစုဝင်များအား ဆေးဝါးပစ္စည်းများ၊ ထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေခြင်း၊ဘူးသီးတောင်မှ မောင်တောသို့သွားသည့် မော်တော်ကားလမ်းမကြီး ရှင်းလင်းဖယ်ရှားဆောင်ရွက်နေခြင်းတို့ကို ရှင်းလင်းတင်ပြကြသည်။

ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ မောင်တောမြို့နယ် သဘာဝဘေးဒဏ်သင့် ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ပေးအပ်

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် မောင်တောမြို့ အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ၊ အဝတ်အထည်များ၊ စောင်များ၊ အမိုးသွပ်ပြားများ၊ ဆန်အိတ်များ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများကို ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မြို့သူကြီးကျေးရွာအုပ်စုရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာများအတွက် အဝတ်အထည်များ၊ စောင်များ၊ အမိုးသွပ်ပြားများ၊ ဆန်အိတ်၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများကို ပေးအပ်ကြကာ မောင်တောမြို့အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ညှိနှိုင်းဆွေးနွေး

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မွန်းလွဲပိုင်းတွင် မောင်တောမြို့မှ ဘူးသီးတောင်မြို့သို့ ပြန်လည်ထွက်ခွာကြပြီး ညပိုင်းတွင် တိုင်းမှူးနှင့် ဝန်ကြီးများသည် ဘူးသီးတောင်မြို့ပေါ်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနတာဝန်ခံများနှင့် တွေ့ဆုံ၍ ဘူးသီးတောင်၊ မောင်တောမြို့နယ်အတွင်းရှိ ရေဘေး၊ လေဘေးသင့်ပြည်သူများနှင့် ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ ကျောင်းများ၊ သာသနိကအဆောက်အအုံများပျက်စီးမှုများကို ပြန်လည်ထူထောင်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၆-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၂၅ ၉။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၂၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၄၀ ၅။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၄း၅၅ ၆။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲကြိုသုံးသပ်ချက်)
၅း၁၅ ၇။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၅း၄၅ ၈။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် ပေါ်တူဂီနှင့် မြောက်ကိုရီးယား**
၈း၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ စည်းလုံးတဲ့မြေ [စန္ဒရားမောင်လှအေးနှင့်အဖွဲ့၊ တေးရေး-မောင်သဲကြည် (မအူပင်)]
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** ဒုတိယပိုင်း (အပိုင်း-၂)
၁၄။ သုခုမရင်ပြင်

၂၂-၆-၂၀၁၀

နံနက်ပိုင်း

၁း၀၀ ၁၅။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် စပိန်နှင့် ဟွန်ဒူးရပ်စ်**
၁၆။ အစီအစဉ်ပြီး၏။

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကို မြို့နယ်အားကစားခန်းမ၌ ဇွန် ၁၁ရက်က ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမိုလ် ဟောပြောဆွေးနွေးစဉ်။

(မြို့နယ် ပြန်/ဆက်)

အရှေ့ပိုင်းဒေသများ၌ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၂၀

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင်နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော် ပျဉ်းမနားတွင် ၀ ဒသမ ၉၉ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၀၀လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၉၃လက်မ၊ ကလေးမြို့နှင့် ဖျာပုံမြို့တို့တွင် ၁ ဒသမ ၇၇လက်မစီနှင့် မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၀ ဒသမ ၄၇လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၂၁ ရက် ညနေအထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇွန် ၂၀

သဲကုန်းမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းအလှူပွဲ

သဲကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းအလှူပွဲကို ဇွန် ၂၆ရက် (စနေနေ့) နံနက် ၉ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) အပြည်ပြည်ဆိုင်ရာ သီတဂူသာသနာ့ဗိမာန်၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူမြို့နယ်သားများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒေါက်တာ ဦးမင်းဆွေ ဖုန်း -၀၉-၅၀-၀၃၁၁၇၊ ဦးခင်မောင်ထွန်း ဖုန်း-၀၉-၈၆-၁၁၈၇၈၊ ဦးသန်းလွင် ဖုန်း-၂၅၃၆၄၂၊ ၀၉-၅၀-၂၀၈၃၅၊ ဦးချစ်ရင် ဖုန်း-၂၉၁၆၆၈၊ ဦးဇော်ဝင်း ဖုန်း-၅၉၀၃၄၅နှင့် ဒေါ်စုစု ဖုန်း-၀၉-၈၆-၀၀၄၉၈ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။

ရန်ကုန်ခရီးသွားဂျာနယ် ဝတ္ထုတိုပြိုင်ပွဲစာမူဖိတ်ခေါ်

ရန်ကုန်ခရီးသွားဂျာနယ်မှ ဝတ္ထုတိုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ထားပြီး ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ဇူလိုင်၃၁ရက် နောက်ဆုံးထားပြီး အမှတ် ၄၇၄ (ပထမထပ်) သိမ်ဖြူလမ်း ကန်တော်လေးစာတိုက်ရှေ့ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈သို့ ဆက်သွယ်စုံစမ်းပေးပို့နိုင်သည်။

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်စည်းဝေးမည်

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၆ရက် (စနေနေ့) နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းသစ် အမှတ် ၂ရှိ မြန်မာနိုင်ငံဘဏ်များအသင်း မျှော်ရစ်ရွှေစင်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဖုန်း-၃၇၁၉၃၈ နှင့် ၃၉၁၃၄၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

ဘုရင့်နောင်ဈေး စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင်၃ရက်တွင် ဘုရင့်နောင်ဈေး ဈေးသာယာရေးအဖွဲ့ရုံး၌ ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူများနှင့် ငွေနှင့်ပစ္စည်း လှူဒါန်းလိုသည့် အလှူရှင်များ ဖုန်း-၇၂၆၂၆၉နှင့် ၆၈၂၀၁၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) အသင်းဝင်မိသားစုများ၏ စုပေါင်းလှူဒါန်းပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း အမှတ် ၅၇ ရှိ အသင်းမှော်ရုံ၌ ဇူလိုင် ၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဖုန်း-၅၄၄၂၇၃၊ ၂၅၅၉၂၃နှင့် ၅၀၀၁၆၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မြန်မာဘွတ်ခ်စင်တာ စာအုပ်ဈေးရောင်းပွဲ ခင်းကျင်းထား

မြန်မာဘွတ်ခ်စင်တာ၏ စာအုပ်ဈေးရောင်းပွဲတော် Welcome Back to School အစီအစဉ်ကို အထူးအစီအစဉ်များ၊ လျှော့ဈေးများဖြင့် အမှတ် ၅၅ ဗဟိုလမ်း အလုံမြို့နယ် ရန်ကုန်မြို့နှင့် အမှတ် ၅၆၁-၅၆၇ အခန်း(၃) မြေညီထပ် MAC Tower (1) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း ဇွန် ၂၂ ရက်(အင်္ဂါနေ့)အထိ ခင်းကျင်းရောင်းချပေးလျက်ရှိသည်။

ကုက္ကိုင်းရေကူးအသင်း နှစ်ပတ်လည်စည်းဝေးမည်

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၀၉-၂၀၁၀ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇွန် ၂၇ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ရန် ဖိတ်ကြားထားသည်။

မသန်စွမ်းသူများအတွက် ကွန်ပျူတာသင်တန်းဖွင့်မည်

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)က မသန်စွမ်းသူများ၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေး အလုပ်အကိုင်ရရှိရေးများကို ဆောင်ရွက်ပေးလျက်ရှိရာ အခမဲ့ ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၁၀-၂၀၁၁)ကို ဆက်လက်ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသော မသန်စွမ်းသူများ ဇွန် ၂၅ ရက် နောက်ဆုံးထား၍ အမှတ် ၇၉၇၊ အခန်း (၁၀၄-ဘီ) မြန်မာ့အလှတာဝါ (၂)၊ ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၀၉-၅၀၃၄၄၀၄တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်းနှင့် လှူဒါန်းလိုသူများလည်း အဆိုပါရုံးခန်းသို့ လာရောက်လှူဒါန်းနိုင်သည်။

ချောက်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ မင်္ဂလာသိဂီကျောင်း၌ ဇွန် ၂၆ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများတက်ရောက်ရန် ဖိတ်ကြားနှိုးဆော်ထားသည်။

အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်နိုင်

၂၀၁၀ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ ကိုးမိုင်ရှိ မြန်မာဂေါက်ကလပ်၌ ဇွန်၂၄ရက် (ကြာသပတေးနေ့)တွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ ဇွန် ၂၂ ရက် နောက်ဆုံးထား၍ ဖုန်း-၆၆၁၇၀၂နှင့် ၆၅၁၃၇၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ ။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ-ဝင်းကျော်

အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဟတ်ဆွန်မြစ်ကောင်းကင်ယံ၌ကျင်းပသည့် လေကြောင်းစွမ်းရည်ပြိုင်ပွဲအတွင်း ဝင်ရောက်ယှဉ်ပြိုင်နေသည့် လေယာဉ်ငယ်တစ်စင်းကို ဇွန် ၂၀ရက်က တွေ့ရစဉ်။ (အဆိုပါလေကြောင်းစွမ်းရည်ပြိုင်ပွဲ၌ ပထမအဆင့် လေယာဉ်မှူး ၁၅ ဦးတို့က ၎င်းတို့၏ လေကြောင်းစွမ်းရည်များကို ဝင်ရောက်ပြသခဲ့ကြသည်။)

(ဆင်ဟွာဓာတ်ပုံ)

ဂါဇာကမ်းမြောင်၌ အစ္စရေးတို့ပိတ်ဆို့မှု ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ် ပြစ်တင်

ရာမာလာ ဇွန် ၂၀

ဂါဇာကမ်းမြောင် ပိတ်ဆို့မှု ရုပ်သိမ်းပေးရေးအတွက် အစ္စရေးကို အမေရိကန်အစိုးရက ဖိအားပေးရန် ပါလက်စတိုင်း သမ္မတမာမွတ်အဘတ်စ်က ဇွန် ၁၈ ရက်၌ တိုက်တွန်းလိုက်သည်။

အနောက်ဘက်ကမ်းရှိ ရာမာလာမြို့၌ အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန် အထူးသံတမန် ဂျော့မစ်ရှဲနှင့် ဇွန် ၁၈ရက်က တွေ့ဆုံစဉ် မာမွတ်အဘတ်စ်က တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ပြောကြား

ဂါဇာကမ်းမြောင် ပိတ်ဆို့ထားမှု လုံးဝအဆုံးသတ်သွားအောင် အမေရိကန်က ဆက်လက် ကြိုးပမ်းရန်လိုအပ်ကြောင်း မာမွတ်အဘတ်စ်က ပြောကြားလိုက်သည်ဟုလည်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူ အဘူရူဒေးနားက ပြောကြားသည်။

ဒဏ်ခတ်

ယခုကဲ့သို့ အစ္စရေးက ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ထားခြင်းမှာ ဂါဇာဒေသမှ ပြည်သူ ၁ဒသမ၅သန်းကို စုပေါင်းပြစ်ဒဏ်ခတ်ခြင်းဖြစ်သည်ဟု မာမွတ်အဘတ်စ်က ပြောဆိုပြစ်တင်လိုက်သည်။

(အင်တာနက်)

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်။

နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရန် ဆွစ်ဇာလန်ဝန်ကြီး တရုတ်သို့လာရောက်မည်

ဂျီနီဗာ ဇွန် ၂၀

ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီး မစ်ချလင်းကာလ်မီရေးသည် ယခုလကုန်ပိုင်းတွင် တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ဇွန် ၁၈ရက်၌ ထုတ်ပြန်ကြေညာသည်။

ဇွန် ၂၇ရက်မှ ၂၉ရက်အထိ တရုတ်ပြည်သို့ သွားရောက်မည့် ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီး ကာလ်မီရေး၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုနက်ရှိုင်းစေမည့် နည်းလမ်းတစ်ရပ်အဖြစ် သဘောတူထားသည့်အတိုင်း တရားဝင်နိုင်ငံရေး စတင်ဆွေးနွေးရေးကို ဦးတည်မည်ဖြစ်သည်ဟု ဆိုသည်။

ကျင်းပ

ထိုခရီးစဉ်၏ အခြားရည်ရွယ်ချက်တစ်ရပ်မှာ နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု အကြိမ် (၆၀)မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပရန် ဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယီမင်ထောက်လှမ်းရေးရုံးချုပ် သေနတ်သမားများ ပစ်ခတ်တိုက်ခိုက်

ဆာနား ဇွန် ၂၀

ယီမင်နိုင်ငံတောင်ပိုင်း အေဒင်ဆိပ်ကမ်းမြို့ရှိ ထောက်လှမ်းရေးဗဟိုဌာနချုပ်အား သေနတ်သမားများက ဇွန် ၁၉ရက်တွင် ဝင်ရောက်တိုက်ခိုက်သဖြင့် လုံခြုံရေးအစောင့်တစ်ဦးအပါအဝင် သုံးလေးဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

သေနတ်သမားများသည် စက်သေနတ်များ၊ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ကြပြီး ထောက်လှမ်းရေးဗဟိုဌာနချုပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန် တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

တိုက်ခိုက်

အဆိုပါ တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ မည်သည့်အဖွဲ့ကမှ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ သို့ရာတွင် ခိုင်လုံသောသတင်းရပ်ကွက်၏ အဆိုအရ ထောင်ဖောက်ရန် ရည်ရွယ်၍ အယ်လ်ခိုင်ဒါအဖွဲ့က တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြည်ပသို့ သဘာဝဓာတ်ငွေ့ များ အင်ဒိုနီးရှား တိုးမြှင့်တင်ပို့မည်

ဂျကာတာ ဇွန် ၂၀

အင်ဒိုနီးရှားအစိုးရအနေဖြင့် ဆူလာဝေစီပြည်နယ်အလယ်ပိုင်းရှိ ဒေါင်ဂီ-ဆီနိုရို သဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို ဂျပန်နိုင်ငံနှင့်တောင်ကိုရီးယားနိုင်ငံရှိ အဝယ်တော်များထံသို့ တိုးမြှင့်တင်ပို့သွားရန် အတည်ပြု ဆုံးဖြတ်လိုက်သည်ဟု ဒေသဆိုင်ရာသတင်းဌာနက ဇွန် ၁၉ရက်၌ ထုတ်လွှင့်သည်။

ဆုံးဖြတ်

အင်ဒိုနီးရှားအစိုးရသည် ထုတ်လုပ်သည့် သဘာဝဓာတ်ငွေ့ ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိကို ပြည်တွင်းဈေးကွက်၌ ဖြန့်ဖြူးရန် ဆုံးဖြတ်ထားသည်။

ရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးတွက်ခြေကိုက်စေရန် ရည်ရွယ်၍ ယင်းကဲ့သို့ သဘာဝဓာတ်ငွေ့ကို ပြည်ပသို့ ပိုမိုတင်ပို့ရောင်းချရန် ဆုံးဖြတ်ခြင်းဖြစ်သည်ဟု အင်ဒိုနီးရှားစွမ်းအင်ဝန်ကြီးက ပြောကြားသည်။ ပြည်တွင်းသဘာဝဓာတ်ငွေ့ဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းထက် ကျဆင်းလျက်ရှိသည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယား၌ ဂျက်တိုက်လေယာဉ်တစ်စင်း ပျက်ကျ

ဆိုးလ် ဇွန် ၂၀

တောင်ကိုရီးယား အက်ဖ်-၅ဂျက်တိုက်လေယာဉ်တစ်စင်းသည် ဇွန်၁၇ရက်က လေ့ကျင့်မှုအပြီး အနောက်ဘက်ကမ်းရိုးတန်းဒေသတွင် ပျက်ကျသွားရာ နှစ်ဦးသေဆုံးကြောင်း သိရသည်။

ကယ်ဆယ်ရေး ရဟတ်ယာဉ်များဖြင့်ရှာဖွေပြီးနောက် လေယာဉ်မှူးများ၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း တောင်ကိုရီးယား လေတပ်အရာရှိများက ပြောကြားသည်။ မတ်လအတွင်းဖြစ်ပွားသော အလားတူဖြစ်ရပ်တစ်ခုတွင်လည်း တောင်ကိုရီးယားလေယာဉ်မှူး သုံးဦးသေဆုံးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

(အင်တာနက်)

ကာဂျစ္စတန်နိုင်ငံတည်ငြိမ်ရေး ကူညီရန် ရုရှားတပ်ဖွဲ့ စေလွှတ်ပေးမည်

ဟာဗားနား ဇွန် ၂၀

ရုရှားအစိုးရအနေဖြင့် ကာဂျစ္စတန်နိုင်ငံသို့တပ်ဖွဲ့များစေလွှတ်ရေး ကာဂျစ္စတန်ယာယီအစိုးရ၏မေတ္တာရပ်ခံချက်ကို လက်ခံလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဇွန် ၁၉ရက်က ဖော်ပြသည်။

ဖော်ပြ

သို့ရာတွင် တပ်ဖွဲ့များစေလွှတ် မလွှတ်ဆိုသည်ကိုမူ ဆုံးဖြတ်ရခြင်းမရှိသေးကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလာဗို့ဗ်နှင့် ကာဇက်စတန် နိုင်ငံခြားရေးဝန်ကြီး ကာနက်ဆူဒါဘာရိပ်တို့က ထုတ်ဖော်ပြောကြားရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ကာဂျစ္စတန်နိုင်ငံ၏ တည်ငြိမ်ရေးအတွက် အကူအညီပေးရာတွင်ကာဂျစ္စတန်အစိုးရ၏ သဘောထားကို အလေးထားရန် လိုအပ်သည်ဟု ဆိုသည်။

လက်ရှိတွင် ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အိုအက်စ်စီအီး)၏ အလှည့်ကျဥက္ကဋ္ဌသစ်ရွေးချယ်ပွဲကို ကာဇက်စတန်နိုင်ငံ၌ ကျင်းပလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရိုးရာအနုပညာပြပွဲ

တရုတ်နိုင်ငံ ဖူကျန်းပြည်နယ် ကျီမင်းမြို့၌ကျင်းပသည့် သုံးကြိမ်မြောက် ရိုးရာလက်မှုအနုပညာပစ္စည်းပြပွဲအတွင်း လာရောက်ကြည့်ရှုလေ့လာကြသူများကို ဇွန် ၂၀ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အီရတ်နယ်စပ်အနီး တူရကီတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံး

အင်ကာရာ ဇွန် ၂၀

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကင်းစခန်းတစ်ခုကို ဇွန် ၁၈ရက်က ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ) သူပုန်များ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တူရကီ တပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိခဲ့ကာ သူပုန် ၁၂ဦးလည်း သေဆုံးခဲ့သည်။

စေလွှတ်

အဆိုပါတိုက်ပွဲဖြစ်ပွားရာ အီရတ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော ဟာကါပြည်နယ် စင်ပယ်ဒစ်လာမြို့သို့ တူရကီတပ်ဖွဲ့မှ အထူးတပ်ဖွဲ့ဝင်များကိုစေလွှတ်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တူရကီနိုင်ငံ ဘီလစ်မြို့၌ ခရီးသည်တင်ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၂၀ရက်က တွေ့ရစဉ်။

(အဆိုပါဖြစ်စဉ်တွင် ခြောက်ဦးသေဆုံးပြီး ၄၅ ဦး ဒဏ်ရာရရှိသည်။)

(ဆင်ဟွာဓာတ်ပုံ)

ဂျာမနီနှင့်ဘရာဇီး ကုမ္ပဏီပူးပေါင်း သံမဏိစက်ရုံ တည်ဆောက်မည်

ရီယိုဒီဂျနေးရိုး ဇွန် ၂၀

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ဘရာဇီးဗေးလ် သတ္တုတူးဖော်ရေးကုမ္ပဏီနှင့် ဂျာမနီသံမဏိထုတ်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်း၍ အကြီးစားသံမဏိစက်ရုံတည်ဆောက်ရန် ဇွန် ၁၈ရက်က သဘောတူညီကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ပြောကြား

အဆိုပါသံမဏိစက်ရုံသည် လက်တင်အမေရိကဒေသ၌ အကြီးဆုံးသံမဏိစက်ရုံဖြစ်သည်ဟုဆိုသည်။ ယင်းစက်ရုံစီမံကိန်းကို အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ဘီလီယံ ကုန်ကျခံကာ တည်ဆောက်မည်ဖြစ်ပြီး နှစ်စဉ် သံမဏိတန်ချိန် ၅ သန်း ထုတ်လုပ်နိုင်ရန် ရည်ရွယ်ကာ ဘရာဇီးနိုင်ငံ၏ သံမဏိတင်ပို့မှုကဏ္ဍကို ၄၀ ရာခိုင်နှုန်းမြှင့်တင်ရန် မျှော်လင့်ထားသည်ဟု ဗေးလ်ကုမ္ပဏီက ပြောကြားသည်။

ဖန်တီးပေးနိုင်

အဆိုပါ စက်ရုံစီမံကိန်းသည် လေးနှစ်ခန့်ကြာမည်ဟု ယူဆရကြောင်းနှင့် တည်ဆောက်မှုပြီးစီးပါက အလုပ်အကိုင် ၁၈၀၀၀ ခန့်ကို ဖန်တီးပေးနိုင်ဖွယ်ရှိကြောင်း ဂျာမနီသံမဏိထုတ်လုပ်ရေးကုမ္ပဏီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးသန့်စိုက်ပျိုးရေး သန်လျင်၌လက်တွေ့ပြသ

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု လယ်သမားကြီး ဦးကျော်ခင်၏ မျိုးသန့်စိုက်ပျိုးခြင်း အထူးဇုန်ဧက ၅၀တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဆန်ခါပိုက်ဖြင့် ပျိုးခြင်း၊ ပေါင်ဖြင့်ပျိုးခြင်း၊ ရိုးရိုးပျိုးထောင်ခြင်း လက်တွေ့သရုပ်ပြပွဲကို ဇွန် ၁၈ရက် နံနက် ၈နာရီက အဆိုပါလယ်မြေ၌ ကျင်းပသည်။

အဆိုပါ လက်တွေ့သရုပ်ပြပွဲကို ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ကျော်၊ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ကျန်းမာသန်စွမ်းသည့်ပျိုးပင်များရရှိရေးအတွက် ပျိုးထောင်နည်းစနစ်များ စိုက်ပျိုးစနစ်၏အားသာချက်၊ပျိုးသက်နုနုနှင့်သန်စွမ်းသောပျိုးပင်များရရှိအောင် ဆောင်ရွက်ရမည့်နည်းစနစ်များကို မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ကျော်က သရုပ်ပြဆွေးနွေးပြီး(အပေါ်ဝဲပုံ) မျိုးသန့်စိုက်ပျိုးခြင်းကို လက်တွေ့ဆောင်ရွက်ကြသည်။ (၁၈၄)

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် မြို့ပြကတ္တရာလမ်းလုပ်ငန်းဖြစ်သော ကမ်းနားလမ်း ကတ္တရာခင်းရန်အတွက် ကျောက်များစုဆောင်းထားရှိမှုကို မေ၁၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးသန်းဦးတို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ငါးသယံဇာတထိန်းသိမ်းရေး ညောင်လေးပင်၌ ဆွေးနွေး

ညောင်လေးပင် ဇွန် ၂၀

ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာန ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ငါးသယံဇာတထိန်းသိမ်းရေးဆွေးနွေးပွဲကို ဇွန် ၁၀ရက်က ညောင်လေးပင်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု ကဒါးသဲကျောကျေးရွာ၌ကျင်းပရာ ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဆွေနှင့်ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်း အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဟောပြောဖြန့်ဝေ

ဆွေးနွေးပွဲတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဆွေက ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးတို့ကို ဆွေးနွေးဟောပြောရာ (ယာပုံ)ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး ပညာပေးဆိုင်းဘုတ်များ စိုက်ထူကြသည်။

လာရောက်ပေးအပ်

ထို့နောက် ဒေသခံပြည်သူများက သဘောပေါက်နားလည်၍ ဘက်ထရီရှော့တိုက် (ကျဉ်စက်)နှင့် ဆက်စပ်ပစ္စည်းများ လာရောက်အပ်နှံကြရာ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူးက လက်ခံယူသည်။ (၀၅၃)

စမ်းချောင်းမြို့နယ် မြေနီကုန်း ဓမ္မစေတီလမ်း Yuzana Tower အမှတ်(၂၀၂/၂၀၃) နေ မိခင်ကြီးဒေါ်စန်းရီအား အမှူးထား၍ ဒေါက်တာဒေါ်ခင်ခင်ရီနှင့် ရှိုင်းဟုပ် ကုမ္ပဏီ မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ်အောင်ဘယ်လ်(ငြိမ်း)နှင့် အဖွဲ့ဝင်လူကြီးများ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း အနေးယာဉ်လိုင်စင်သက်တမ်းတိုးရန်အတွက် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးရဲထွန်းဦး ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့် ကြီးကြပ်စဉ်။ (၁၅၄)

ရွေးကောက်ပွဲဆိုင်ရာ ပန်းတောင်း၌ သင်တန်းဖွင့်

ပန်းတောင်း ဇွန် ၂၀

ပန်းတောင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသော ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဇွန် ၁၉ရက် နံနက် ၈ နာရီက ဥသျှစ်ပင်-ရွှေပင်ရတနာခန်းမ၌ ဖွင့်လှစ်ရာ ပြည်ခရိုင်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမိုးဆွေနှင့် ပန်းတောင်းမြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ထွဋ်တို့က အမှာစကားပြောကြားသည်။

ရှင်းလင်း

ဆက်လက်၍ ပန်းတောင်းမြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ထွဋ်၊ အတွင်းရေးမှူး ဦးသန်းထွန်းအောင်၊ အဖွဲ့ဝင် ဦးလေးလွင်၊ ဦးရင်မောင်နှင့် မြို့နယ်တရားသူကြီး ဦးတင်မောင်စိုးတို့က ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ ပို့ချသည်။ ထို့နောက် မဲရုံ၌ မဲပေးပုံကိုသရုပ်ပြသပြီး သင်တန်းတက်ရောက်သူများက ပြန်လည်ဆွေးနွေးမေးမြန်းသည်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် မေ ၁၈ရက်က မင်းလှမြို့ တောင်ကြို့ကုန်း သနာပိုကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အေပက်စွမ်းအင်ဝန်ကြီးများ ဆွေးနွေး

အာရှ-ပစိဖိတ်စွမ်းအင်ဝန်ကြီးများသည် ဂျပန်နိုင်ငံတိုကျိုမြို့၌ ဇွန် ၂၀ရက်က တွေ့ဆုံကာ စွမ်းအင်ထုတ်ယူရေးနှင့်ပတ်သက်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့လျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ဇွန် ၂၀ရက်၌ ဆွေးနွေးကြကြောင်း သတင်းထုတ်ပြန်သည်။

ဂါဇာမြို့အနီး နယ်စပ်၌ ပစ်ခတ်မှုဖြစ်ပွား

ပါလက်စတိုင်းဂါဇာကမ်းမြောင်ဒေသရှိ ဂါဇာမြို့အနီးနယ်စပ်တွင် ဇွန် ၂၀ရက်က အစ္စရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူငယ်နှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ မိုင်းပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဘာဇိုင်းအရပ်တွင် ဇွန် ၂၀ရက်က မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားရာ ပါကစ္စတန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က ဇွန် ၂၀ရက်၌ ပြောကြားသည်။

အိန္ဒိယအနောက်ပိုင်း၌ မိုးသည်းထန်ပြီး မြေပြို

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရှထရာပြည်နယ် ဟာနီရွာအနီးတွင် ဇွန် ၂၀ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားရာ ဒေသခံ ၁၀ဦးသေဆုံးပြီး ရေလွှမ်းမှုများ ဖြစ်ပွားခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

ကုလအတွင်းရေးမှူးချုပ် နိုင်ဂျီးရီးယားသို့ သွားရောက်မည်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် နိုင်ဂျီးရီးယားနိုင်ငံသို့ ယခုနှစ်ကုန်၌ အလည်အပတ်ခရီး သွားရောက်ရန်စီစဉ်ထားကြောင်း၊ ထို့အတူ ကင်မရွန်း၊ ဘူရွန်ဒီနိုင်ငံများသို့လည်း ခရီးထွက်ရန် အစီအစဉ်များရှိကြောင်း ကုလသမဂ္ဂက ဇွန် ၂၀ရက်၌ သတင်းထုတ်ပြန်သည်။

ယူကရိန်း ကုန်တင်သင်္ဘော မောင်းပြေးခဲ့ရ

ယူကရိန်း ကုန်တင်သင်္ဘောတစ်စင်းသည် တူရကီကမ်းလွန်တွင် ဇွန် ၂၀ရက်က အမြန်ရေယာဉ်ငယ်နှစ်စင်း သင်္ဘောအနီးသို့ ချဉ်းကပ်လာမှုကြောင့် စက်ကုန်ဖွင့် မောင်းနှင်ပြေးခဲ့ရကြောင်း ယူကရိန်းအရာရှိများက ပြောကြားသည်။

ပါလက်စတိုင်းအနောက်ဘက်ကမ်းခြေ၌ တိုက်ပွဲဖြစ်

အစ္စရေးတပ်ဖွဲ့ဝင်များကို ပါလက်စတိုင်းအနောက်ဘက်ကမ်းခြေဒေသရှိ ဟီဘရွန်မြို့ဒေသခံများက ဇွန် ၂၀ရက်၌ ဆန္ဒပြခဲ့ကြကြောင်း၊ အပြန်အလှန်တိုက်ခိုက်မှုများလည်း ရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ပစ်ခတ်မှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဇွန် ၂၀ရက်က သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ကရာချိမြို့ ရဲတပ်ဖွဲ့က ဇွန် ၂၀ရက်၌ ပြောကြားသည်။ (အင်တာနက်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၁၈ ရက် ညနေပိုင်းက ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဦးဆောင်၍ ၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ကြစဉ်။ (အား/ကာ)

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ၊ အပြေးပြိုင်ပွဲ၊ သေနတ်ပစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၂၀

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ၁၅ကီလိုမီတာ အပြေးပြိုင်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၆နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်း၌ကျင်းပရာ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဦးဆောင်၍ ကျိုက္ကဆံကွင်း လက်ယာရစ်တစ်ပတ် စုပေါင်းလမ်းလျှောက်ကြသည်။

တာလွှတ်ပေး

ဆက်လက်၍ ၁၅ကီလိုမီတာအပြေးပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်အားကစားသမားများသည် အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးချုပ်ရှေ့၌ နေရာယူကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သေနတ်ပစ်ဖောက် တာလွှတ်ပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ အမျိုးသား ပထမ၊ ဒုတိယ၊ တတိယနှင့် အဆင့်(၁၀)အထိ ရရှိသူများအား ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဆုများပေးအပ်ချီးမြှင့်ပြီး အမျိုးသမီး ပထမ၊ ဒုတိယ၊တတိယနှင့် အဆင့်(၅) အထိ ရရှိသူများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြန်လည်အပ်နှံ

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ကျင်းပသော ၂၀၁၀ခုနှစ်(၁၁)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ယမန်နှစ် ချန်ပီယံအသင်းဖြစ်သော ရန်ကုန်တိုင်း အသင်းက ပြန်လည်အပ်နှံသည့် ဒိုင်းဆုကြီးကို လက်ခံသည်။

လိုက်လံနှုတ်ဆက်

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ သေနတ်ပစ် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

လှူဒါန်း

ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပသည်။ အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ကိုးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် မြန်မာနိုင်ငံ သေနတ်ပစ်အားကစားနည်း တာဝန်ခံနာယက ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခင်မြချစ်၊ ဒေါ်စမ်းစမ်းဝေနှင့် ဒေါ်ဝေဝေတို့က ပြိုင်ပွဲအတွက် ငွေကျပ် လေးသိန်း ငါးသောင်း လှူဒါန်းကြရာ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌက လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးချို့တဲ့သော အငြိမ်းစား ဆရာမကြီး ဒေါ်ခင်လေးတင့်သို့ အထက (၃) ကြည့်မြင်တိုင် ကျောင်းသား ကျောင်းသူဟောင်းများဖြစ်သည့် မြတ်ဆရာပူဇော်ပွဲကော်မတီ၏ ဆရာ ဆရာမကြီးများ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ (ယာယီ)မှ ဥက္ကဋ္ဌ ဦးသိန်းလွင်၊ အတွင်းရေးမှူး ဦးတင်ဝင်း၊ အဖွဲ့ဝင် ဦးခင်စိုးနှင့်ဦးခင်မြင့်တို့ ဇွန် ၁၇ ရက်က ကျန်းမာရေးစောင့်ရှောက်မှုစရိတ်အဖြစ် ငွေကျပ် ၅၀၀၀၀ကို နေအိမ်သို့ သွားရောက်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ကာယဗလနှင့် ကာယအလှ ဒိုင်လူကြီးသင်တန်းဖွင့်

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှ အဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် တက္ကသိုလ်၊ ကောလိပ်များအတွက် ကာယဗလနှင့် ကာယအလှ ဒိုင်လူကြီးသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ကျင်းပရာ အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းသို့ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ကောလိပ် အသီးသီးမှ ဆရာ ဆရာမ ၂၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၂၃ ရက် အထိဖြစ်ကာ မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များအတွက် ပထမဦးဆုံး ဖွင့်လှစ်သည့် သင်တန်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရပ်ကွက် (၁၉) သီတာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်၊ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်၍ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးသန်းလွင်နှင့်အဖွဲ့ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ယခုအပတ်ထုတ်မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၀

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၃)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာ တစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ၂၀၁၀လွန် စီးပွားရေးအထောက်အကူပြုရန် ပုဂ္ဂလိကဘဏ်သစ်လေးခု ထပ်မံခွင့်ပြုလိုက်ပြီနှင့် တိုးချဲ့ကမ်းနားလမ်းသစ် ဖောက်လုပ်မှုကို အေရှားဝေါလ်ကုမ္ပဏီက တာဝန်ယူဖောက်လုပ်နေပြီ၊ ခေတ်မီဆိပ်ကမ်းနှင့် ခေတ်မီကုန်သေတ္တာစခန်းကြီးအဖြစ် တည်ဆောက်သွားမည်စသည့် မျက်နှာဖုံးအထူးသတင်းများ၊ အနှစ်၂၀ကာလအတွင်း စူပါမတ်ကက်နှင့် ဟိုင်ပါမတ်ကက် (ဟိုင်ပါစင်တာ) နိုင်ငံတကာအဆင့် ခေတ်မီလက်လီအရောင်းဈေးကွက်တွင် စူပါဝမ်း၊ စိန်ဂေဟာ၊ ဂမုန်းပွင့်၊ ယုဇန၊ Asia Light၊ စီးတီးမတ်စသည်တို့ ပေါ်ထွန်းလာ၊ ဈေးကွက်ယှဉ်ပြိုင်မှု ကြီးထွားလာ၊ ယခု နှစ်နှစ်၊ သုံးနှစ်ကာလအတွင်း ပိုမို ဖွံ့ဖြိုးကျယ်ပြန့်လာ အထူးသတင်း ဆောင်းပါးနှင့် မြန်မာနိုင်ငံသည် ရတောင့်ရခဲသဘာဝ အလှအပများ ရရှိထား၊ အရှေ့တောင် အာရှတွင် ကမ္ဘာလှည့်ခရီးသည် အဆွဲဆောင်နိုင်ဆုံးနေရာဖြစ်လာမည်အထူးသတင်းနှင့် အထူးသတင်းဓာတ်ပုံများ၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ နေဇင်လတ်တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့ပြင် ခေတ်သစ်ပြည်သူ့ပါတီဆိုင်းဘုတ်တင်ပြီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ(ဌာနချုပ်)ဆိုင်းဘုတ်တင်စသည့် သတင်းများနှင့် ဆရာမောင်စူးစမ်း၏ နိုင်ငံရေးရာသီဥတုနှင့် စိုးမိုးပါရာဒိုင်းဆောင်းပါးတို့ကို ဖော်ပြထားသည်။

ဖော်ပြပါရှိ

ထို့အပြင် လျှပ်စစ်လိုအပ်မှုပြဿနာကျော်လွှားရန် လျှပ်စစ်ချွေတာရေး မီးသီး၊ မီးချောင်းနှင့် မီးကွေးဈေးကွက်အရောင်းသွက်၊ မင်္ဂလာဈေးမီးလောင်ဆိုင်ခန်းများ ယာယီနေရာချမည့် ဈေးဆိုင်ခန်းပေါင်း၂၄၃၆ခန်း အမြန်တည်ဆောက်လျက်ရှိ၊ စင်ကာပူနှင့် တရုတ်ကုမ္ပဏီများပူးပေါင်း၍ မြန်မာနိုင်ငံတွင် လိုက်ထရပ်ကားများဖြန့်ဖြူးရောင်းချရန်ရှိ၊ ရန်ကုန်တိုင်းသွေးလွန်တုပ်ကွေးကာကွယ်မှုကြောင့် ရောဂါသိသိသာသာကျဆင်း၊ သားရဲ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး မြန်မာနှင့် စင်ကာပူ ပူးပေါင်းဆောင်ရွက်မည် စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများ

ဒီမောဆိုနှင့် ဖရူဆိုမြို့နယ်တို့၌ ဖွင့်လှစ်ပို့ချ

နေပြည်တော် ဇွန် ၂၀

ကယားပြည်နယ် ဒီမောဆိုမြို့နယ် ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ဒီမောဆိုမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားသည်။

ပို့ချ

ထို့နောက် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ကိုလည်းကောင်း၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုင်းသိန်းလွင်က မဲရုံမှူး၊ ဒုမဲရုံမှူးလုပ်ငန်းလမ်းညွှန်ကိုလည်းကောင်း၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုင်းမြသောင်းက လွှတ်တော် (၃)ရပ် ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း ပို့ချကြသည်။

အဆိုပါသင်တန်းသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်၊ မဲရုံမှူးနှင့် ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်စုစုပေါင်း ၂၄၅ဦး တက်ရောက်ခဲ့ကြသည်။

အမှာစကားပြောကြား

အလားတူ ဖရူဆိုမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ဖရူဆိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမ၌ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

နည်းဥပဒေများ

ပြည်နယ် ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးခင်မောင်ရီက ဇွန် ၁၈ ရက်တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းအတွက် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ကို ပို့ချကာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ ဖြစ်ကြသည့် ဦးစိုင်းသိန်းလွင်၊ ဦးစိုင်းမြသောင်းနှင့် ဒေါက်တာသန်းဝင်းတို့က လုပ်ငန်းလမ်းညွှန်ချက်များနှင့် ဥပဒေ၊ နည်းဥပဒေများကို ပို့ချကြသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်၊ မဲရုံမှူးနှင့် ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင် ၁၄၇ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၁-၆-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၆။ စိုက်ပျိုးသုတ
- ၄:၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၄၀)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ Talk of The Town
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ သီဆိုဖျော်ဖြေတစ်ကိုယ်တော်
- ၂၁။ ယနေ့ညအတွက် မြဝတီတေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ ဒဏ္ဍာရီ** (အပိုင်း-၁၆)
- ၂၃။ သင့်အတွက် မနက်ဖြန်

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး
ကျိုင်းတုံလေယာဉ်ပြေးလမ်း လုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

နေပြည်တော် ဇွန် ၂၀

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၄ ရက် မွန်းလွဲပိုင်းက ကျိုင်းတုံမြို့ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကာ စာသင်ဆောင်နှင့် ပညာသင်ကြားနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျိုင်းတုံလေဆိပ် စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လေယာဉ်ပြေးလမ်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်း၊ ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၀

မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲ၏ မန္တလေးတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ရက် နံနက် ၁၀နာရီက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွန်း၊ အတွင်းရေးမှူးဦးတင်ဦးနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း အင်အား ၉၀ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ တိုင်းကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အတွင်းရေးမှူး ဦးတင်ဦးက တိုင်းအတွင်းရှိ ခရိုင်အလိုက် မဲစာရင်းပြုစုရေးကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အခြေအနေများကို လည်းကောင်း၊ အဖွဲ့ဝင်ဦးညိုရွှေ (ညွှန်ကြားရေးမှူး လဝက)က ခရိုင်အလိုက် လူဦးရေစာရင်းပြုစုရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ပြန်လည်ရှင်းလင်း

ယင်းနောက်ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက ခရိုင်နှင့်မြို့နယ်အလိုက် မဲစာရင်းပြုစုရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွန်းက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ ဆရာမများသင်တန်း ပုသိမ်မြို့၌ ဖွင့်လှစ်ပို့ချ

ပုသိမ် ဇွန် ၂၀

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ဧရာဝတီတိုင်း လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာမများသင်တန်းဖွင့်ပွဲကို ဇွန် ၁၆ ရက် မွန်းလွဲ ၁နာရီက ဧရာဝတီတိုင်း ပုသိမ်မြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက အဖွင့်အမှာစကားပြောကြားပြီး တိုင်းလူမှုဝန်ထမ်း ဦးစီးမှူး ဒေါ်အေးသိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။ (အပေါ်ပုံ)

အဆိုပါ သင်တန်းသို့ ဧရာဝတီတိုင်းအတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းများမှ မူကြိုဆရာမ ၃၀ တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းကာလမှာ ဇွန် ၁၆ ရက်မှ ဇူလိုင် ၆ရက်အထိ ဖြစ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇွန် ၂၀

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၃)၌ မြန်မာသဘော်ာကပွတ်ဒ်နှင့်အဖွဲ့ လှိုင်းကြားလေကြား သက်စွန့်ဆံဖျားဖြင့် လူလေးဦးအသက်ကယ်၊ ရခိုင်ပြည်နယ်တွင် မိုးရေချိန်စံချိန်တင် ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ကာ လူသေဆုံး၊ မြန်မာနိုင်ငံ၏ ပထမဆုံးနိုင်ငံတကာအဆင့်မီ Door to Door Whole Sale Market တစ်ခု တည်ဆောက်မည်၊ မြန်မာနိုင်ငံအနှံ့တွင်ရှိသောလမ်းများကို ကုမ္ပဏီများအား BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေး၊ နေပြည်တော်စည်ပင်ဈေးများ မီးဘေးကြိုတင်ကာကွယ်မှုဆောင်ရွက်၊ နေပြည်တော်တွင် ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များ စတင်ရောင်းချပေး၊ ယခုနှစ် လာနီညာဖြစ်ပေါ်ပါက လာမည့်နှစ် နွေရာသီ အပူသက်သာမည်၊ သိမ်းဆည်းခံရသော တရားမဝင်ဆိုင်ကယ်များ ပြန်လည်လျှောက်ထားလာပါက ကျသင့်တန်ဖိုးနှင့် အခွန်ငွေများပေးဆောင်ကာ တရားဝင်မှတ်ပုံတင်ခွင့်ပေးမည်၊ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများတွင် နည်းပညာတိုက်ခိုက်ခံရပါက ကူညီပေးမည်၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသူ ကိုးဦးအနက် နှစ်ဦးအောင်မြင်၊ မာဒေးကားဖလားပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းအတွက် နိုင်ငံခြားသားနည်းပြခေါ်ယူမည် စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ ဦးဇိုင်းလှယ်ထန်း (အထွေထွေအတွင်းရေးမှူး၊ ချင်းတိုးတက်ရေးပါတီ)နှင့် တွေ့ဆုံခြင်း၊ ရှေးဟောင်းထီးလှိုင်ရှင် ကျောင်းတော်ကြီး Myanmar Discovery ၊ စိုးရိမ်စိတ်ကင်းကြည်နူးခြင်းသို့၊ ခေတ်သစ်ကျွန်ပြုလုပ်ငန်းထဲက လိင်ကုန်ကူးမှု ကဲ့သို့သော ဖတ်စရာမှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

အနာဂတ်မှာ နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားသွားမယ့် တူရကီဝန်ကြီးချုပ်ဟောင်း မီဆွတ်ယီလ်မက်ဇ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံခြင်း အင်တာဗျူး ဆောင်းပါးနှင့်အတူ ဖီဖာ၏ ဝင်ငွေတိုးပွားအောင် ပြုလုပ်ခြင်းသည် ဘောလုံးလောက ဖွံ့ဖြိုးရေးအတွက်ဖြစ်မည်လား၊ အိမ်ဖြူတော်ဝါရင့်သတင်းထောက် အလုပ်မှထွက်ခဲ့ရ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းအစီအစဉ် ကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းအစီအစဉ် ကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ဇွန် ၁၀ရက် နံနက် ၉နာရီက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းအစီအစဉ် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်သိန်းနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Shin Imai တို့က အမှာစကား ပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသား အစီအစဉ် ညှိနှိုင်းရေးမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါက်တာကျော်ဆန်းနှင့် အကြီးတန်းပညာရပ်ဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် Dr. Murray Maclean တို့က မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ဘေးအန္တရာယ် အကဲဖြတ်ခြင်း၊ တိရစ္ဆာန်ရောဂါ ရှာဖွေရေး ဓာတ်ခွဲခန်းများ၏ စွမ်းရည်မြှင့်တင်ခြင်း၊ ပြည်နယ်/တိုင်းများတွင် ဘဲသွေးရည်ကြည် စုံစမ်း လေ့လာခြင်း၊ မွေးမြူရေးဇုန်များတွင် ဇီဝလုံခြုံမှုမြှင့်တင်ခြင်းနှင့် ပြည်သူလူထုအသိ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ယင်းနောက် ရန်ကုန်တိရစ္ဆာန်ရောဂါ ရှာဖွေရေးဓာတ်ခွဲခန်းမှ သုတေသနအရာရှိ ဒေါက်တာမင်းသိမ်းမော် က ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးဆိုင်ရာ ဗိုင်းရပ်စ်၏ မျိုးဆက်စဉ်နှင့် မော်လီကျူးဆိုင်ရာ ထူးခြားသည့် သွင်ပြင်လက္ခဏာများ (Phylogenetic and molecular characterization of recent 2010 Yangon H5N1 isolate) ကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ကြီးကြပ်မှုကော်မတီဝင်များနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။ (သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အမရပူရ၌ ကျင်းပ

အမရပူရ ဇွန် ၂၀

မန္တလေးခရိုင် ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း(၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ရက် နံနက် ၁၀နာရီခွဲက အမရပူရမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမရအောင်မြေခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပို့ချ

အခမ်းအနားတွင် မန္တလေးခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဦးမြသိန်းက အမှာစကားပြောကြား၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးသန်းမြင့်က ရွေးကောက်ပွဲနှင့် သက်ဆိုင်သော နည်းဥပဒေများနှင့် ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အဆိုပါ သင်တန်းကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်ဒေါ်သီတာလွင်၊ ဦးဝင်းမြင့်၊ အတွင်းရေးမှူး ဦးအောင်စိုးတို့က ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပို့ချခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ဇွန် ၁၆ ရက်က ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ခရိုင်ရုံး(ကလေး)မှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင် ဦးဆောင်သောအဖွဲ့ ကလေးမြို့ ဗိုလ်ချုပ်လမ်းမပေါ်၌ သွားလာမောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များ ယာဉ်စည်းကမ်းနှင့်ညီညွတ်မှု ရှိမရှိ ရှောင်တခင် စစ်ဆေးဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ကြွက်မှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရေးနှိုးဆော်ချက်

၁။ ကြွက်များသည် လူတို့၏ စားနပ်ရိက္ခာနှင့် ပစ္စည်းများကို ဖျက်ဆီးတတ်ရုံမက ကူးစက်ရောဂါများကိုပါ သယ်ဆောင်လာတတ်ပါသည်။ အထူးသဖြင့် ပလိပ်ရောဂါသည် ကြွက်တို့၏သန်းမှတစ်ဆင့်ကူးစက်ပြီး ကပ်ရောဂါ ဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့်ကူးစက်ကာ ကပ်ရောဂါဆိုးအသွင်လည်း ဖြစ်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍-

(က) မိမိတို့အိမ်၊ ရုံး၊ ဈေးနှင့် ပတ်ဝန်းကျင်တွင် ကြွက်များဝင်ရောက် ခိုအောင်းပေါက်ပွားမှု မရှိအောင် ကာကွယ်ပါ။

(ခ) မိမိတို့အနီးအနားတွင် ကြွက်များ ရုတ်တရက်သေဆုံးပါက ပလိပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း သတိရှိပါ။

(ဂ) ပလိပ်ရောဂါသံသယရှိသော ကြွက်များကိုစစ်ဆေးနိုင်ရန် နီးရာကျန်းမာရေးဌာနသို့ အကြောင်းကြားပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် မန္တလေးတိုင်း ရတနာပုံမြို့သစ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၀

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဒုတိယဝန်ကြီး ဦးသိန်းထွန်း လိုက်ပါလျက် ဇွန် ၁၉ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ် YADANARPON Fiber Optical Factory သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ(အပေါ်ပုံ) ဝန်ကြီးအား တာဝန်ရှိသူက စက်ရုံအတွင်း ကေဘယ်လ်ထုတ်လုပ်မှု အဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသ၍ ထပ်မံတိုးချဲ့တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် Elite Tech Manufacturing Co., Ltd.၌ မိုဘိုင်းလ်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်မှုကို လည်းကောင်း၊ ASIA MEGALINK စက်ရုံ၌ မိုဘိုင်းလ်စနစ်၊ ဆက်စပ်ပစ္စည်းများထုတ်လုပ်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပိုမိုကောင်းမွန်သော အရည်အသွေးဖြင့် ဆောင်ရွက်နိုင်ရန် မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် YADANARPON TRAINING CENTER တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ချိန်အတွင်း အချိန်မီ ဆောက်လုပ်ပြီးစီးနိုင်ရေး လိုအပ်သည်များ မှာကြားသည်။

အပြီးတည်ဆောက်

ယင်းနောက် ဝန်ကြီးသည် တာမိုးညဲချမ်းသာထွန်းဝေသော ကုမ္ပဏီလီမိတက်၊ FORTUNE INTERNATIONAL LIMITED နှင့် FISCA PAN MYANMAR CO.,LTD. စက်ရုံအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်ကြရန် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရတနာပုံ တယ်လီပို့သို့ ရောက်ရှိပြီး တပ်ဆင်ဆောင်ရွက် ထားရှိသည့် စက်ပစ္စည်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ တယ်လီပို့မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများအလိုက် အရှိန်အဟုန်မြှင့် လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသား အသက် (၂၁)နှစ်အောက် ပြိုင်ပွဲတွင် ပထမချန်ပီယံဆုရ နေဗလဝင်းမြင့်နှင့် အမျိုးသမီး အသက် (၁၄)နှစ်အောက် ပြိုင်ပွဲတွင် ပထမချန်ပီယံဆုရ မယဉ်မေမျိုးတို့အား ဆုတံဆိပ်များနှင့်အတူ တွေ့ရစဉ်။ (အား/ကာ)

ချန်ပီယံပထမဆု နှစ်ဆုရရှိသော အောင်ပွဲရ မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂၀

ဇွန် ၁၆ရက်မှ ၁၈ရက်အထိ ထိုင်းနိုင်ငံ Royal Rayong Green Valley Country Club, Pattaya တွင်ကျင်းပသည့် "2010 Mercedes Trophy Masters Golf Championships" ဂေါက်သီးရိုက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရရှိခဲ့သော အဖွဲ့ခေါင်းဆောင် ဦးမျိုးထွန်း၊ အသင်းနည်းပြ ဦးစိုးကျော်နိုင် ဦးဆောင်သည့် မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအသင်းသည် ယမန်နေ့ ည ၇နာရီ ၄၅မိနစ်တွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆို

အောင်ပွဲရ မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအသင်းအား အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမင်းသိန်းနှင့် ဦးအောင်ကြည်၊ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်၊ လက်ရွေးစင်အသင်း နည်းပြချုပ် ဦးကိုကိုလေးနှင့် တာဝန်ရှိသူများ၊ Air Bagan မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သဂ်ဟများက ကြိုဆိုကြသည်။

ရရှိခဲ့

"2010 Mercedes Trophy Masters Golf Championships" ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အသက်(၁၂)နှစ်အောက်နှင့် အသက် (၁၄)နှစ်အောက်၊ အမျိုးသား အသက်(၁၈)နှစ်အောက်နှင့် အသက်(၂၁)နှစ်အောက် ပြိုင်ပွဲများသို့ ဝင်ရောက် ယှဉ်ပြိုင်ကြရာ အမျိုးသား အသက်(၂၁)နှစ်အောက် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပထမ၊ ဒုတိယနှင့် တတိယဆုများရရှိကြပြီး မြန်မာ့လက်ရွေးစင်များ ဖြစ်ကြသည့် နေဗလဝင်းမြင့်က ၇၄+၇၅+၆၆ သုံးရက်စုစုပေါင်းရိုက်ချက် ၂၁၅ချက်ဖြင့် ပထမချန်ပီယံဆု၊ စိုးမိုးဝင်းက ၇၃+၇၄+၇၆ သုံးရက် စုစုပေါင်း ရိုက်ချက် ၂၂၃ချက်ဖြင့် ဒုတိယဆုနှင့် ရန်မျိုးအေးက ၇၆+၇၄+၇၆ သုံးရက်စုစုပေါင်းရိုက်ချက် ၂၂၆ချက်ဖြင့် တတိယဆုများ အသီးသီး ရရှိခဲ့ကြသည်။

ထိုက်ထိုက်တန်တန်

၂၀၀၈ခုနှစ် အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် World Junior အသက် (၁၈)နှစ်အောက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သူ နေဗလဝင်းမြင့်သည် ၂၀၀၉ခုနှစ် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်စဉ် (ဘယ်ဘက်ပခုံးရိုးအဆစ်ကျိုး) ဒဏ်ရာရရှိခဲ့ရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ ဆေးကုသစရိတ်များကို အကုန်အကျခံကာ စင်ကာပူနိုင်ငံတွင် ဆေးကုသပေးပြီး ခြောက်လခန့် အနားယူခဲ့ပြီးနောက် ယခုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ပြန်လည်ရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဗိုလ်စွဲအနိုင်ရ

အမျိုးသမီး အသက်(၁၄)နှစ်အောက်ပြိုင်ပွဲတွင် မယဉ်မေမျိုး(မြန်မာ)က ၇၇+၇၇+၇၉ သုံးရက်စုစုပေါင်း ရိုက်ချက် ၂၃၃ချက်ဖြင့် ပထမချန်ပီယံဆုများကို ရရှိခဲ့ပြီး ၄င်းသည် ယခင်ပြိုင်ပွဲများနှင့် ယခု ပြိုင်ပွဲအပါအဝင် ချန်ပီယံပထမဆုများကို သုံးကြိမ်မြောက် ဗိုလ်စွဲအနိုင်ရရှိခဲ့သော မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအားကစားမယ်လေး ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်ရရှိမည်

"2010 Mercedes Trophy Masters Golf Championships" ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အဆင့်(၁)မှ အဆင့်(၄)အထိ ရရှိသူများသည် ၂၀၁၀ခုနှစ် ဇူလိုင်လနောက်ဆုံးအပတ်တွင် ကျင်းပမည့် ပေါ်တူဂီနိုင်ငံ ကမ္ဘာ့လူငယ်ဂေါက်သီးရိုက် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပါရာဂွေးနောက်တစ်ဆင့်တက်ရန် အခွင့်အလမ်းကောင်း ချန်ပီယံအီတလီ ရုန်းကန်ကြိုးစားရဖွယ်ရှိ

ဂျိုဟန်နစ္စဘတ် ဇွန် ၂၀

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် ကစားလျက်ရှိသည်။ ဇွန် ၂၀ရက် ညနေပိုင်းက တောင်အာဖရိကနိုင်ငံ ဖရီးစတိတ်ကွင်း၌ အုပ်စု(စ)မှ ပါရာဂွေးနှင့် ဆလိုဗက်ကီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပါရာဂွေးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး နောက်ဆုံး ၁၆သင်း ပြိုင်ပွဲတက်ရန် အလားအလာ ပိုကောင်းလာသည်။

ပါရာဂွေးအတွက် ဂိုးများကို ပွဲစပြီး ၂၇မိနစ်အကြာ ဗီယာက ဘာရီယော့စ် ဂိုးဧရိယာအတွင်း ထိုးပေးလိုက်သော ဘောလုံးမှတစ်ဆင့် အဖွင့်ဂိုး သွင်းယူခဲ့သည်။ ဒုတိယဂိုးကို အော်ရီလီယာနို တောရက်စ်၏ တည်ကန်ဘောမှတစ်ဆင့် ရီဘာရို့စ်က ပွဲပြီးရန် လေးမိနစ်အလိုတွင် သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

ဦးဆောင်

ပါရာဂွေးတို့ ချန်ပီယံအီတလီကို တစ်ဖက်တစ်ဂိုးစီ သရေကစားခဲ့ပြီးဖြစ်၍ ဆလိုဗက်ကီးယားအား အနိုင်ရသည့်ပွဲနှင့်ဆိုလျှင် ရမှတ်လေးမှတ်ဖြင့် အုပ်စုတွင်း ဦးဆောင်မှု ရရှိထားသည်။

ပါရာဂွေးတို့ ဇွန် ၂၄ရက်၌ နယူးဇီလန်အသင်းနှင့် နောက်ဆုံးအုပ်စုပွဲအဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အီတလီသရေ

အီတလီနှင့် နယူးဇီလန်တို့သည် အမ်ဘွန်ဘီလာကွင်း၌ အုပ်စု(စ)ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပွဲစပြီး ခုနစ်မိနစ်အကြာ ရှိန်းစမတ်ဇ်က အယ်လ်လို့က်၏ တည်ကန်ဘောမှတစ်ဆင့် နယူးဇီလန်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၂၈မိနစ်တွင် တော်မီစမစ်က နယူးဇီလန် ဂိုးဧရိယာအတွင်း ဒီရော့ဆီအား အကျီဆွဲထားသဖြင့် ဒိုင်လူကြီးက အီတလီကို ပယ်နယ်တီကန်ခွင့်ပေးခဲ့သည်။ ယင်းပယ်နယ်တီကို အီယာကွင်တာက သွင်းယူခဲ့ခြင်းဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် အနိုင်ဂိုးသွင်းရန် အကြိတ်အနယ် ကြိုးစားသော်လည်း တစ်ဂိုးစီဖြင့် ပွဲသိမ်းခဲ့ရသည်။ အီတလီတို့ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဇွန် ၂၄ရက်တွင် ဆလိုဗက်ကီးယားနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အီတလီအသင်းအတွက် ချေပဂိုးကို အီယာကွင်တာက ပယ်နယ်တီမှတစ်ဆင့် ဤသို့ သွင်းယူခဲ့သည်။

အုပ်စု(စ)အသင်းများ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ပါရာဂွေး	၂	၁	၁	၀	၄
၂	အီတလီ	၂	၀	၂	၀	၂
၃	နယူးဇီလန်	၂	၀	၂	၀	၂
၄	ဆလိုဗက်ကီးယား	၂	၀	၁	၁	၁

ကိုးကား-အင်တာနက်

မကွေးနဲ့ ဆောက်သမ်းမြန်မာ ဂိုးပြတ်အနိုင်ရ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၀

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁)ကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ မကွေး F.C နဲ့ ဆောက်သမ်းမြန်မာတို့ နိုင်ပွဲတွေ စတင်ရရှိခဲ့ပါတယ်။

သုဝဏ္ဏကွင်း

မကွေး F.C - ခြောက်ဂိုး။

ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ။

ဂိုးပြတ်သွင်းယူ

ပြီးခဲ့တဲ့ ၂၀၀၉ခုနှစ် ပြိုင်ပွဲတုန်းက တတိယနေရာရခဲ့တဲ့ မကွေးအသင်းဟာ အခုပြိုင်ပွဲမှာလည်း ဇွဲကပင်ယူနိုက်တက်ကို ဂိုးပြတ်သွင်းပြီး အဖွင့်လှခဲ့ပါတယ်။ မကွေးအသင်းကြီးက လင်းလင်းထွေးနဲ့ ကောင်းမြတ်ဦး၊ လူငယ်လက်ရွေးစင်ဟောင်း ပေါ်ထွန်းကျော်တို့သာ ပါဝင်ပြီး လူငယ်ကစားသမား အများစုနဲ့ ဖွဲ့စည်းထားတဲ့ မကွေးအသင်းဟာ ဇွဲကပင်ယူနိုက်တက်အသင်းရဲ့ ခံစစ်ပိုင်း အားနည်းမှုကို အခွင့်ကောင်းယူကာ ဂိုးပြတ်သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

တတိယဂိုး

ပြိုင်ပွဲအကြို ခြေစမ်းပွဲတုန်းက ရလဒ်ကောင်းတွေ ရရှိခဲ့ပေမယ့် အခုပြိုင်ပွဲ အဖွင့်ပွဲစဉ်မှာတော့ ဇွဲကပင်ယူနိုက်တက်တို့ ခြေစွမ်းမပြနိုင်ခဲ့ပါဘူး။ ပွဲအစပိုင်းမှာ မကွေးတို့ အပြန်အလှန် ကစားနိုင်ပြီး ဂိုးရနိုင်တဲ့အခွင့်အရေး နှစ်ကြိမ်လောက် ရရှိခဲ့ပေမယ့် အသုံးမချနိုင်လို့ နစ်နာခဲ့ရပါတယ်။ ၂၁ မိနစ်မှာ မကွေး F.C အဖွင့်ဂိုးစရခဲ့ပြီး စောဇင်ဦးရဲ့ ဖြတ်တင်ဘောကို ဇွဲကပင်နောက်ခံလူ သန့်ဇင်ဦး ဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့တာပါ။ အဲဒီနောက်ပိုင်းမှာတော့ မကွေးအသင်းက ပွဲကို စိုးမိုးသွားပြီး ၂၅မိနစ်မှာ မျိုးဇော်ဦးက ဒုတိယဂိုးနဲ့ ၄၁မိနစ်မှာ ကိုကိုနိုင်က တတိယဂိုးတို့ကို ထပ်မံသွင်းယူခဲ့ပါတယ်။

ဇွဲကပင်ယူနိုက်တက်ဘက်သို့ မကွေး F.C တိုက်စစ်ဆင် ကစားစဉ်။

အဝေးမှကန်သွင်း

ဒုတိယပိုင်းမှာ ဇွဲကပင်တို့ ချေပဂိုးရဖို့ တိုက်စစ်ပြန်တင်လာပေမယ့် မကွေးအသင်းက ဒုတိယပိုင်းပြန်အစ ၈မိနစ်အတွင်း နှစ်ဂိုးထပ်သွင်းကာ ဇွဲကပင်တိုက်စစ်အရှိန်ကိုရပ်တန့်ခဲ့ပါတယ်။ မိနစ် ၅၀မှာ အသင်းခေါင်းဆောင် ပေါ်ထွန်းကျော်က အဝေးမှ ကန်သွင်းပြီး စတုတ္ထဂိုးသွင်းယူခဲ့သလို ၁၇မိနစ်အကြာမှာ စောဇင်ဦးက ခေါင်းတိုက်ပြီး ပဉ္စမဂိုးထပ်မံ သွင်းယူခဲ့ပါတယ်။ မကွေး F.C အတွက် နောက်ဆုံးဂိုးကိုတော့ မိနစ် ၈၀မှာ စိုင်းဝမ်းကိုက သွင်းယူပေးခဲ့ပါတယ်။

အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ ဆောက်သမ်းမြန်မာအသင်းက နေပြည်တော်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ။

(မြန်မာ့အလင်း)

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ကမ္ဘောဇ -

ရန်ကုန်ယူနိုက်တက်။

ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

အင်္ဂလန်၊ ပြင်သစ်နှင့် စပိန်တို့ ကမ္ဘာ့ဖလားမရနိုင်ဟု ဝင်းဂါးသုံးသပ်

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အင်္ဂလန်၊ ပြင်သစ်နှင့် စပိန်တို့ ကမ္ဘာ့ဖလားမရနိုင်ကြောင်း အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ပြင်သစ်အသင်း ဒုတိယပွဲစဉ်ကစားသည့် ပွဲအပြီး သတင်းထောက်များအား ပြောကြားသည်။

ဆလိုဗေးနီးယားတိုက်စစ်မှူးပက်နစ် ခြေချင်းဝတ်ဒဏ်ရာရ

ဆလိုဗေးနီးယားတိုက်စစ်မှူး ပက်နစ်သည် အမေရိကန်နှင့်ပွဲတွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ရာ နောက်ပွဲစဉ်အချို့၌ ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ဆလိုဗေးနီးယားအသင်း တာဝန်ရှိသူများက ဇွန် ၂၀ ရက်၌ပြောကြားသည်။

အင်္ဂလန်အသင်းကစားခဲ့မှုအပေါ် အံ့သြမိဟု ကာပယ်လိုပြောကြား

၂၀၁၀ ကမ္ဘာ့ဖလားပွဲ၌ အင်္ဂလန်အသင်း ကစားနေမှုအပေါ် မိမိကိုယ်တိုင်လည်း အံ့သြရကြောင်း၊ ခြေစစ်ပွဲများ၊ လေ့ကျင့်ခဲ့မှုများနှင့် လုံးဝခြားနားနေကြောင်း နည်းပြကာပယ်လိုက ဇွန် ၂၀ရက်၌ ထုတ်ဖော်ပြောကြားသည်။

အမေရိကန်နှင့် ဆလိုဗေးနီးယားပွဲ ဒိုင်လူကြ

၂၀၁၀ ကမ္ဘာ့ဖလားပွဲ၌ အမေရိကန်နှင့် ဆ... သရေပွဲဖြစ်ခဲ့သည့် ပွဲစဉ်နှင့်ပတ်သက်ပြီး အမေရိကာ... ရုပ်မြင်သံကြားအကူအညီဖြင့် ပြန်လည်စစ်ဆေး... ဇွန် ၂၀ရက်၌ သတင်းထုတ်ပြန်သည်။

ရှုံနိုက်ဒါပွဲစဉ်အလိုက် အခေ...

နယ်သာလန်နှင့်ဂျပန်တို့ပွဲတွင် နယ်သာလန်တို့... ရခဲ့သော ပွဲစဉ်၌ အကောင်းဆုံးဘောလုံးသ... ကွင်းလယ်ကစားသမား ရှုံနိုက်ဒါ ရရှိခဲ့ကြောင်း... သည်။

ဂျာမနီအသင်း အမြင့်ဆုံး အကြိုဗိုလ်လု...

ဂျာမနီအသင်း၏ ခြေစွမ်းသည် ၂၀၁၀ က... လက်ရှိခြေစွမ်းအရ အမြင့်ဆုံးမျှော်မှန်းနိုင်သည်မှာ... ဖြစ်ကြောင်း၊ ဗိုလ်စွဲနိုင်မှုမရှိကြောင်း ဂျာမနီအ... ဘောလက်က သတင်းထောက်များနှင့် ဇွန် ၂၀ရက်... လိုက်သည်။

...ဆင့်တက်ရန် အခွင့်အလမ်းကောင်း ...လီ ရှန်းကန်ကြိုးစားရဖွယ်ရှိ

ဂျိုဟန်နစ္စဘတ် ဇွန် ၂၀

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် ... ဆက်လက်ယှဉ်ပြိုင် ကစားလျက်ရှိသည်။ ... ၂၀ရက် ညနေပိုင်းက တောင်အာဖရိကနိုင်ငံ ...တိတ်ကွင်း၌ အုပ်စု(စ)မှ ပါရာဂွေးနှင့် ဆလို ...ဉ်ပြိုင်ကစားခဲ့ရာ ပါရာဂွေးအသင်းက နှစ်ဂိုး- ...ဆုံး ၁၆သင်း ပြိုင်ပွဲတက်ရန် အလားအလာ

...များကို ပွဲစပြီး ၂၇မိနစ်အကြာ ဗီယာက ဘာရီ ...ထိုးပေးလိုက်သော ဘောလုံးမှတစ်ဆင့် အဖွင့်ဂိုး ...းကို အော်ရီလီယာနို တောရက်စ်၏ တည်ကန် ...က ပွဲပြီးရန် လေးမိနစ်အလိုတွင် သွင်းယူပေးခဲ့

ဦးဆောင်

...အီတလီကို တစ်ဖက်တစ်ဂိုးစီ သရေကစားခဲ့ပြီး ...ား အနိုင်ရသည့်ပွဲနှင့်ဆိုလျှင် ရမှတ်လေးမှတ်ဖြင့် ...ရရှိထားသည်။ ...ရက်၌ နယူးဇီလန်အသင်းနှင့် နောက်ဆုံးအုပ်စုပွဲ ...စ်သည်။

အီတလီသရေ

...န်တို့သည် အမ်ဘွန်ဘီလာကွင်း၌ အုပ်စု(စ)ပြိုင်ပွဲ ...ဲ့သည်။ ပွဲစပြီး ခုနစ်မိနစ်အကြာ ရိုန်းစမတ်ဇ်က ...န်ဘောမှတစ်ဆင့် နယူးဇီလန်အသင်းအတွက် ...ည်။ ပွဲချိန် ၂၈မိနစ်တွင် တော်မီစမစ်က နယူး ...ဒီရော့ဆီအား အင်္ကျီဆွဲထားသဖြင့် ဒိုင်လူကြီးက ...န်ခွင့်ပေးခဲ့သည်။ ယင်းပယ်နယ်တီကို အီယာ ...ဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် အနိုင်ဂိုးသွင်းရန် ...ာ်လည်း တစ်ဂိုးစီဖြင့် ပွဲသိမ်းခဲ့ရသည်။ အီတလီ ...အဖြစ် ဇွန် ၂၄ရက်တွင် ဆလိုဗက်ကီးယားနှင့်

...က် ချေပဂိုးကို အီယာကွင်တာက ပယ်နယ်တီ ...းယူခဲ့သည်။

...)အသင်းများ ရပ်တည်မှု

	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
	၂	၁	၁	၀	၄
	၂	၀	၂	၀	၂
	၂	၀	၂	၀	၂
...ား	၂	၀	၁	၁	၁

ကိုးကား-အင်တာနက်

* ကျောဖုံးမှ

ထိုသို့ ပူပြင်းလှသောဒေသများ၌ပင်လျှင် ဆည်ရေ၊ မြစ်ရေ၊ ကန်ရေ ရလျှင် သစ်ပင် ပန်းမန်တို့သည် စိမ်းစိမ်းစိုစိုရှိကြသည်။ တစ်နည်းအားဖြင့် ဆိုရသော် မည်သည့်ဒေသ၌မဆို ရေရလျှင် သစ်တောသစ်ပင်တို့ စိမ်းစိုရှင်သန်မြဲဟူသည့် အချက်ပင် ဖြစ်သည်။

အိုအေစစ်ရိပ်မြုံ

စာရေးသူ ယခုနှစ် ပူပြင်းသောနွေကာလက ပုဂံညောင်ဦးဒေသသို့ ရောက်ခဲ့စဉ် ရာသီမရွေး သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်နေသော နေရာလေးတစ်ခုကို တွေ့ခွင့်၊ လေ့လာခွင့် ရခဲ့သည်။ နွေလယ် နေအောက် တောနေတိရစ္ဆာန်၊ ကျေးငှက်သာရကာ၊ ရေကန်ပြာနှင့် အပန်းဖြေ

စိမ်းစိုနေသော သစ်ပင်များနှင့်အတူ လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်၏ အဝင်ဝမုခ်ဦးက ဤသို့ ကြိုဆိုနေသည်။

စရာ အိုအေစစ်ရိပ်မြုံသို့ စာရေးသူ ရောက်ရှိခဲ့သည်။

ထိုနေရာကား ပုဂံညောင်ဦးဒေသရှိ လောကနန္ဒာဘေးမဲ့တောဥယျာဉ် (သို့မဟုတ်) လောကနန္ဒာဥယျာဉ်ပင် ဖြစ်တော့သည်။ လောကနန္ဒာဥယျာဉ်ကား အညာ၏ အိုအေစစ်ပမာ အပန်းဖြေစရာ ကောင်းလှပါ၏။

လောကနန္ဒာဥယျာဉ်သို့ ရောက်ရှိပြီးနောက် ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေဌေးအောင်က နားနေဆောင်တွင် ဥယျာဉ်အကြောင်း ရှင်းပြသည်။

စိမ်းလန်းစိုပြည်

"လောကနန္ဒာဥယျာဉ် အမြဲတမ်းစိမ်းလန်းစိုပြည်နေတာဟာ ဆယ့်နှစ်ရာသီပတ်လုံး ရေကို မပြတ်ရရှိနေတာကြောင့်ပါပဲ၊ ဧရာဝတီမြစ်ရေဟာ လောကနန္ဒာဥယျာဉ်ရဲ့ အသက်ပါပဲ၊ ဥယျာဉ်ထဲမှာ ရေကန်ကြီးနှစ်ကန်ရှိပါတယ်၊ ဒီရေကန်က ရေတွေဟာ ဧရာဝတီမြစ်ဆီက သွယ်တန်းစုပ်ယူရရှိတဲ့ ရေတွေပါပဲ၊ ဒီရေတွေကြောင့် ဥယျာဉ်ထဲက သစ်ပင်တွေ အမြဲတမ်း ရေရရှိနေပြီး စိမ်းလန်းစိုပြည်နေတာ ဖြစ်ပါတယ်"။

ဘူမိနက်သန်

လောကနန္ဒာဥယျာဉ်၏ အရှေ့ဘက်တွင် ညောင်ဦး - ချောက်ကားလမ်းရှိပြီး အနောက်ဘက်တွင် ဧရာဝတီမြစ်ရှိသည်။ အနီးတွင် သီရိပစ္စယာကျေးရွာနှင့် လောကနန္ဒာစေတီတို့ ရှိကြသည်။ ယနေ့ကာလ လောကနန္ဒာဥယျာဉ် တည်ရှိသော နေရာသည် တစ်ချိန်က ရှေးပုဂံမင်းတို့၏ အားထားရာ သင်္ဘောဆိပ်ကြီး တစ်ခုဖြစ်ခဲ့သည်။ ထိုနေရာတွင် ပုဂံပြည်နှင့် တိုင်းတစ်ပါးကုန်သည်များ ကုန်သွယ်ခဲ့ကြကြောင်း သမိုင်းမှတ်တမ်းများတွင် ဖော်ပြခဲ့သည်။ ထိုထက်ထူးခြားချက် တစ်ခုကား မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး သမိုင်းဝင်နေရာတစ်ခု ဖြစ်ခဲ့ခြင်းပင်။ ထိုနေရာသည် ပုဂံခေတ်က ကျန်စစ်သား၏သမီးတော် ရွှေအိမ်စည်နှင့် တိုင်းတစ်ပါးသားတို့ ချစ်ခွင့်ကြုံဆုံစည်းခဲ့ရမှုအပေါ် မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေးကိုမျှော်တွေးခဲ့သော ကျန်စစ်မင်းကြီးက တားဆီးကာ ပြည်ထောင်အတွင်းဖွား စောယွမ်းမင်းသားနှင့် သမီးတော်ကို လက်ဆက်ပေးခဲ့သည့် သမိုင်းကြောင်းဇာတ်လမ်းအစ ဖြစ်တည်ခဲ့ရာ နေရာဖြစ်ခဲ့သည်။ ထိုထက်မက နယ်ချဲ့တို့ကို တွန်းလှန်တိုက်ထုတ်ရာတွင် ပုဂံဒေသမှ ရှုပ်ရှုပ်ချုံချုံ ပါဝင်ခဲ့သည့် ပုဂံဗိုလ်ချုပ်၏ နယ်ချဲ့ကို တွန်းလှန်ရာ ဘူမိနက်သန် ဖြစ်ခဲ့သည်။

"လောကနန္ဒာဥယျာဉ် အမြဲတမ်းစိမ်းလန်းစိုပြည်နေတာ ရေကို မပြတ်ရရှိနေတာကြောင့်ပါပဲ"

ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေဌေးအောင်။

ဖူးတွေ့ခဲ့

စာရေးသူ လောကနန္ဒာဥယျာဉ်အတွင်းရောက်သောအခါ စိမ်းစိုလန်းဆန်းသော သစ်တောသစ်ပင်များအလယ်တွင် ရွှေအိမ်စည်မင်းသမီး၏ ထာဝရနားခိုရာ နေရာကိုတွေ့ခဲ့ရသလို ပုဂံဗိုလ်ချုပ်တို့ ပုန်းအောင်းခဲ့ရာ ဗိုလ်ချုပ်မိဘုရားကိုလည်း ဖူးတွေ့ခဲ့ရသည်။

ဤသို့ သမိုင်းအဖြစ်အပျက်များနှင့် ပြည့်လျှမ်းနေသော နေရာသည် ယခုအခါ အများပြည်သူတို့ အပန်းဖြေနားခိုရာ၊ လေ့လာစရာအဖြစ် တည်ရှိနေလေပြီ။

စိုက်ပျိုးထား

အညာဒေသ၏ အိုအေစစ်ပမာ စိမ်းလန်းစိုပြည်နေသော လောကနန္ဒာဥယျာဉ်အတွင်း၌မူ သဘာဝပေါက်ပင်များအဖြစ် ရှား၊ ထနောင်း၊ ဆီး၊ မန်ကျည်း၊ တမာ၊ ညောင်၊ လက်ပံ၊ ဆီးဖြူ စသည့်တို့ကိုတွေ့ရပြီး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ယာ၊ အင်ကြင်းနှင့် အခြားပန်းအလှပင်များကိုလည်း စိုက်ပျိုးထားကြောင်း သိရသည်။

သားငှက်တိရစ္ဆာန်များ မွေးမြူထားရှိမှုနှင့်စပ်လျဉ်း၍ ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေဌေးအောင်ကို မေးကြည့်ရာ "ဥယျာဉ်ထဲမှာတော့ ဆတ်၊ ဒရယ်၊ တောယုန်၊ ကြောင်ဝံပိုက်၊ ဂင်လိပ်၊ ကြိုးကြာ၊ ဒေါင်း၊ ကြက်တူရွေးတို့ကို သဘာဝအတိုင်း လွှတ်ထားပြီး သမင်၊ ကြယ်လိပ်၊ သဘော်ာယုန် စတာတွေကိုတော့ ဝင်းခြံခတ်ပြီး မွေးမြူထားပါတယ်။ ဒီဥယျာဉ်ထဲမှာ သဘာဝအတိုင်းလာရောက်ကျက်စားတဲ့ သားငှက်တိရစ္ဆာန်တွေကတော့ ငှက်မျိုးစိတ် ၅၀ခန့် အပါအဝင် ချေ၊ ကြောင်ဝံပိုက်၊ ကြောင်နံ့သာ၊ တောယုန် စတာတွေပဲ ဖြစ်ပါတယ်" ဟု ရှင်းပြကြသည်။

ဦးရွှေဌေးအောင်က ဆက်လက်ပြီး ဥယျာဉ်အတွင်း ကားဖြင့်လှည့်လည်ရင်း လိုက်လံရှင်းပြခဲ့ရာ ကြယ်လိပ်မွေးမြူရေးခြံအနီးသို့ ရောက်ရှိလာခဲ့သည်။

ကြယ်လိပ်

ကမ္ဘာတွင်ပင်ရှားပါးသော လိပ်တစ်မျိုးဖြစ်သည့် ကြယ်လိပ်ကို ဥယျာဉ်ခြံအတွင်း၌ ကောင်ရေ ၄၀၀ခန့် အရွယ်အစားအလိုက် အကန့်ခွဲ၍ မွေးမြူထားကြောင်း တွေ့ရသည်။ ကြယ်လိပ်များကို ဟိုတစ်စု သည်တစ်စု၊ အစုလိုက် အပြုံလိုက်၊ အရွယ်အစားအလိုက် ချစ်စဖွယ် တွေ့လိုက်ရသည်။

စာရေးသူက "သူတို့ရဲ့ အဓိကအစားအစာကဘာလဲ" ဟု မေးလိုက်တော့ ဦးရွှေဌေးအောင်က "ဟိုး-ခြံထောင့်မှာ စုပုံထားတာလေ" ဟု ညွှန်ပြလိုက်သဖြင့် ကြည့်မိလိုက်တော့ ခရမ်းချဉ်သီးများနှင့် ဘူးသီးများကို တွေ့လိုက်ရသည်။

ဦးရွှေဌေးအောင်ကပင် ကြယ်လိပ်ကလေးများနှင့်ပတ်သက်၍ ဤသို့ ရှင်းပြခဲ့သည်။

"လောကနန္ဒာ ဥယျာဉ်ထဲမှာ ၂၀၀၁ခုနှစ်ကစပြီး ကြယ်လိပ်တွေကို မွေးမြူပြီး ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ ရှားပါးတဲ့ မျိုးစိတ်ဖြစ်တာကြောင့် မျိုးမသုဉ်းစေဖို့နဲ့ တိုးပွားလာတဲ့ သားပေါက်တွေကို ၄င်းတို့ရဲ့ နေရင်းဒေသကို ပြန်လွှတ်ပေးဖို့ပါပဲ"။

ညောင်ဦး-ချောက် ကားလမ်းနံဘေးရှိ လောကနန္ဒာဥယျာဉ်က သစ်တောသစ်ပင်များဖြင့် ဤသို့ အုံ့ဆိုင်းဝေဆာလျက်ရှိသည်။

ရွှေသမင်

၄င်းနောက် ကြယ်လိပ်ခြံမှတစ်ဆင့် ရွှေသမင်မွေးမြူရေးခြံသို့ သွားရောက်ခဲ့သည်။ ခြံအတွင်း၌မူ ရွှေသမင်လေးကောင်ကို တွေ့လိုက်ရသည်။

မြန်မာတစ်နိုင်ငံတည်းတွင်သာ ရှိသည့် မျိုးစိတ်ဖြစ်သောကြောင့် အမျိုးသားအထိမ်းအမှတ် သားကောင်အဖြစ် အကောင်ရေ တိုးပွားရန်နှင့် ဝါသနာရှင်များ အနီးကပ် လေ့လာသုတေသနပြုနိုင်ရန် ရည်ရွယ်မွေးမြူထားကြောင်း သိခဲ့ရသည်။

ကြိုးကြာငှက်

၄င်းနောက် သပ်ရပ်စွာ ဖောက်လုပ်ထားသော ဥယျာဉ်အတွင်း လမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ထွက်လာစဉ် ရုတ်တရက် ပန်းခြံငယ်အတွင်းမှ လမ်းပေါ်သို့ ပြေးတက်လာသည့် သတ္တဝါတစ်ကောင် တွေ့လိုက်ရသဖြင့် ယာဉ်မောင်းက ကားကို ချက်ချင်းရပ်လိုက်ရသည်။ ထိုသတ္တဝါကို သတိထားကြည့်လိုက်တော့ ကြိုးကြာငှက်တစ်ကောင် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

စာရေးသူတို့နှင့်အတူ ပါလာသော အုပ်ချုပ်ရေးမှူး ဦးရွှေဌေးအောင်ကို တွေ့လိုက်သဖြင့် ကြိုးကြာငှက်က



ကြယ်လိပ်ကလေးများ၏ အစာစားချိန်။

ကားလမ်းပေါ်သို့ ရုတ်တရက် ပြေးထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

အုပ်ချုပ်ရေးမှူးသည် သစ်ပင်ပန်းမန်တို့၏သခင် ဥယျာဉ်မှူး ဖြစ်ရုံသာမက ဥယျာဉ်အတွင်းမွေးမြူထားသော ကျေးငှက် သာရကာတို့၏ အားကိုးအားထားရာ ဖြစ်နေလေပြီ။

အုပ်ချုပ်ရေးမှူးက ကြိုးကြာငယ်ကို ပွေ့ဖက်ရင်း ကပြပါဦးဟုဆိုတော့ ကပြလိုက်သည်မှာ မမောနိုင်အောင်ပင် ရှိနေတော့သည်။

ကျေးငှက်အချို့နှင့် ဒေါင်းစသည့် တိရစ္ဆာန်များ၏ကပြမှုကိုသာ ယခင်က မြင်တွေ့ခဲ့ဖူးပါသည်။ ကြိုးကြာအကကို စာရေးသူ ယခုမှ မြင်တွေ့ဖူးခြင်း ဖြစ်ပါသည်။

ပျော်ရွှင်ကြည်နူး

တကယ်တော့ လောကနန္ဒာဥယျာဉ်အတွင်း ရောက်ရှိ အပန်းဖြေသူများအတွက် စိမ်းစိုသော သစ်ပင်ပန်းမန်များကြောင့် စိတ်လက်အေးချမ်းမှုကို ရသည်သာမက ကျေးငှက်တိရစ္ဆာန်တို့၏ သဘာဝအလျောက် သွားလာလှုပ်ရှားမှုကို ကြည့်ရှုလေ့လာခွင့်ရ၍လည်း ပျော်ရွှင်ကြည်နူး ချမ်းမြေ့မှုကို ခံစား ရရှိစေပါသည်။

ဆက်လက်၍ စာရေးသူတို့ ဥယျာဉ်အတွင်း ခရီးဆက်ခဲ့သောအခါ ဥယျာဉ်၏ အနောက်ဘက်ခြမ်းတွင် စိမ်းကြည်နေသော ရေကန်ကြီးနှစ်ကန်ကိုတွေ့ရပြီး ဥယျာဉ်၏ အပြင်ဘက်ခြမ်း အနောက်ဘက်ကပ်လျက်မှာတော့ ဧရာဝတီမြစ်ပြင်ကို အထင်းသား တွေ့မြင်ခဲ့ရသည်။ ထိုအချိန်တွင် ဧရာဝတီမြစ်ပြင်ကို ငေးမောကြည့်နေသော စာရေးသူအနားသို့ ဥယျာဉ်မှူး ဦးရွှေဌေးအောင် ရောက်လာပြီး "ဧရာဝတီမြစ်ကရေကို ရေစုပ်စက်နဲ့စုပ်ယူပြီး ရေအမြဲရရှိနေလို့ လောကနန္ဒာဥယျာဉ်ကြီး ခုလို စိမ်းစိုလန်းဆန်းနေတာပါ" ဟု ဆိုလေသည်။

အညာဒေသအိုအေစစ်

မှန်ပါသည်။ ဧရာဝတီမြစ်ရေ စီးဆင်းနေသရွေ့ ရေအမြဲရရှိနေပြီး ရေအမြဲရရှိနေသည်နှင့်အမျှ လောကနန္ဒာဥယျာဉ်ကြီး အစဉ် စိမ်းစိုလန်းဆန်းကာ အညာဒေသ၏ အိုအေစစ်ပမာ အမြဲတည်ရှိနေမည်ဖြစ်ပါသည်။

မျှော်လင့်

ဤမျှမက အညာဒေသတစ်ခွင် ဆည်တမံ၊ မြစ်ရေတင် စီမံကိန်းများနှင့် ရေရရှိရေးလုပ်ငန်းများ တိုးပွားလာသည်နှင့်အမျှ အနာဂတ်ကာလများတွင် အညာဒေသတစ်ခွင် ပိုမိုစိမ်းလန်းစိုပြည်လာပြီး လောကနန္ဒာဥယျာဉ်ကဲ့သို့ အိုအေစစ်များ ထပ်မံတိုးပွားလာဦးမည်ဟု မျှော်လင့်ပါကြောင်း သတင်းခရီးလေ့လာ ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အမေရိကန်နှင့် ဆလိုဗေးနီးယားပွဲ ဒိုင်လူကြီးဆုံးဖြတ်မှု ပြန်စစ်မည်

၂၀၁၀ ကမ္ဘာ့ဖလားပွဲ၌ အမေရိကန်နှင့် ဆလိုဗေးနီးယားတို့ နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည့် ပွဲစဉ်နှင့်ပတ်သက်ပြီး အမေရိကန်တို့၏ တိုင်ကြားမှုအပေါ် ရုပ်မြင်သံကြားအကူအညီဖြင့် ပြန်လည်စစ်ဆေးမည်ဖြစ်ကြောင်း ဖီဖာက ဇွန် ၂၀ရက်၌ သတင်းထုတ်ပြန်သည်။

ရှနိုက်ဒါပွဲစဉ်အလိုက် အကောင်းဆုံးရရှိ

နယ်သာလန်နှင့်ဂျပန်တို့ပွဲတွင် နယ်သာလန်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သော ပွဲစဉ်၌ အကောင်းဆုံးဘောလုံးသမားဆုကို နယ်သာလန်မှ ကွင်းလယ်ကစားသမား ရှနိုက်ဒါ ရရှိခဲ့ကြောင်း ဖီဖာက သတင်းထုတ်ပြန်သည်။

ဂျာမနီအသင်း အမြင့်ဆုံး အကြိုဗိုလ်လုပွဲသာ ရောက်နိုင်ဟုဆို

ဂျာမနီအသင်း၏ ခြေစွမ်းသည် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ လက်ရှိခြေစွမ်းအရ အမြင့်ဆုံးမျှော်မှန်းနိုင်သည်မှာ အကြိုဗိုလ်လုပွဲအထိသာ ဖြစ်ကြောင်း၊ ဗိုလ်စွဲနိုင်မှုမရှိကြောင်း ဂျာမနီအသင်းခေါင်းဆောင်ဟောင်း ဘောလက်က သတင်းထောက်များနှင့် ဇွန် ၂၀ရက်၌ တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

အာကာဟင်း စုစည်းသည်

အင်္ဂလန် ပရိသတ်များ ထိန်းသိမ်းခံကြရ

အင်္ဂလန်နှင့် အယ်လ်ဂျီးရီးယားတို့ဘောလုံးပွဲကို ရုပ်မြင်သံကြားမှတစ်ဆင့် လန်ဒန်မြို့တွင် ကြည့်ရှုအားပေးနေသော ပရိသတ်များသည် ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည့်အတွက် ဒေါသပေါက်ကွဲပြီး လမ်းမများပေါ်တွင် အော်ဟစ်ရမ်းကားမှုများ ပြုလုပ်ခဲ့ရာ ပရိသတ်အချို့အား ယာယီထိန်းသိမ်းခံခဲ့ရကြောင်း ရဲတပ်ဖွဲ့က ဇွန် ၂၀ရက်၌ ပြောကြားသည်။

(အင်တာနက်)

ပေါင်းစည်းဟန်ချက် စွမ်းအားတက်

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အဓိကပံ့ပိုးပေးနေတဲ့ အချက်တွေကတော့ လူသားအရင်းအနှီးတိုးတက်မှု၊ ရုပ်ဝတ္ထုအရင်းအနှီးတိုးတက်မှုနဲ့ နည်းပညာတိုးတက်မှုတို့ပဲ ဖြစ်ပါတယ်။ ဒီထဲမှာ လူသားအရင်းအနှီးတိုးတက်မှုက အခြေခံအကျဆုံးနဲ့ အရေးပါဆုံးဖြစ်တာ တွေ့ရပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ရေမြင့်ကြာတင့်ဆိုသလို ကုန်ထုတ်စွမ်းအားပါတိုးတက်မြင့်မားလာနိုင်ပါတယ်။ စက်မှုကဏ္ဍဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့ အားကောင်းတဲ့ မောင်းနှင်အားဖြစ်တာကြောင့် နည်းပညာတိုးတက်မှုဟာလည်း စက်မှုကဏ္ဍကို တိုးတက်လာစေနိုင်ပါတယ်။ ဒီလိုတိုးတက်မှုတွေကြောင့် ပြည်ပပို့ကုန်တွေ အရှိန်တိုးမြင့်လာပြီး စီးပွားရေးတိုးတက်မှုနှုန်းလည်း မြင့်မားလာစေမှာဖြစ်ပါတယ်။

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအထောက်အကူပြုတဲ့ စွမ်းရည်ပြည့်ဝတဲ့ လုပ်သားထုကြီးတစ်ရပ် ထူထောင်နိုင်ရေးအတွက် အလုပ်သမားဝန်ကြီးဌာနဟာ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (Labour Exchange Office) တွေကို လွတ်လပ်ရေးမရမီ ၁၉၄၆ခုနှစ် စက်တင်ဘာလကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး လူသားအရင်းအမြစ်တွေကို အထိရောက်ဆုံးနဲ့ အကျိုးအရှိဆုံး အသုံးချနိုင်ဖို့အတွက် အလုပ်အကိုင်ရှာဖွေသူတွေရဲ့ အရည်အချင်းနဲ့ သင့်လျော်မယ့် အလုပ်အကိုင်ရရှိစေဖို့ Vocational Guidance အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ၁၉၅၀ပြည့်နှစ် အလုပ်အကိုင်နှင့် သင်ကြားလေ့ကျင့်ရေးဥပဒေ၊ ၁၉၅၉ ခုနှစ် အလုပ်ခန့်ထားမှုကန့်သတ်ရေးအက်ဥပဒေ၊ ၁၉၆၀ပြည့်နှစ် အလုပ်ခန့်ထားမှုကန့်သတ်ရေး ဥပဒေတွေကို ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပါတယ်။ အလုပ်အကိုင်နဲ့ သင်ကြားလေ့ကျင့်ရေး အက်ဥပဒေရဲ့ ရည်ရွယ်ချက်ကတော့ အလုပ်လုပ်လိုသူတွေဟာ မိမိတို့ရဲ့ အသက်အရွယ်လုပ်ကိုင်နိုင်မှုစွမ်းအားတွေနဲ့ လျော်ညီတဲ့ အလုပ်အကိုင်တွေကို ရွေးချယ်နိုင်စေဖို့၊ မိမိလုပ်ကိုင်ချင်တဲ့ လုပ်ငန်းခွင်ရဲ့ လိုအပ်တဲ့အရည်အချင်းတွေနဲ့ ညီညွတ်အောင် မိမိကိုယ်ကို လေ့ကျင့်သင်ကြားနိုင်ဖို့ပဲဖြစ်ပါတယ်။ အလုပ်ခန့်ထားမှုကန့်သတ်ရေး ဥပဒေကတော့ အမှန်တကယ်အလုပ်လုပ်လိုတဲ့ အလုပ်လက်မဲ့တွေအတွက် အလုပ်ရှာဖွေပေးရေး၊ တရားမျှတစွာအလုပ်ခန့်ထားရေး၊ အရည်အချင်းရှိတဲ့ အလုပ်သမားတွေ ရရှိရေးအတွက် ရည်ရွယ်တာဖြစ်ပါတယ်။

သို့ပေမယ့် နောက်ပိုင်းမှာ အလုပ်ဌာနအများစုဟာ ဥပဒေလိုက်နာမှု အားနည်းပြီး မိမိသဘောနှင့်မိမိ အလုပ်ခန့်ထားကြပါတယ်။ အလုပ်ခန့်ပြီးမှ Regularized လုပ်တဲ့အနေနဲ့ Labour Card ထုတ်ယူရုံသက်သက်ပဲ အလုပ်သမားရှာဖွေရေးရုံးကို ဆက်သွယ်လာကြပါတယ်။ ဒါကြောင့် အလုပ်အကိုင်ရရှိမှု အခြေအနေစာရင်းများကို လေ့လာတဲ့အခါမှာ အထွေထွေလုပ်သားတွေများပြားနေပြီး ပညာအရည်အချင်းရှိတဲ့ အလုပ်သမားအရေအတွက် နည်းပါးနေတာကို ဝမ်းနည်းဖွယ်တွေ့ခဲ့ရပါတယ်။

ဒါကြောင့် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိတဲ့ မြန်မာနိုင်ငံသားတိုင်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေဖို့နဲ့ စည်းကမ်းကောင်းမွန်ပြီး စွမ်းရည်ထက်မြက်တဲ့ လုပ်သားအင်အားစုကြီး ဖြစ်ပေါ်လာစေဖို့အတွက် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော် အလုပ်သမားများ စည်းကမ်းနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးဗဟိုအဖွဲ့ကို ၁-၇-၂၀၀၉ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။

ဗဟိုအဖွဲ့ရဲ့ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်အောက်ခံရုံးတွေမှာ

အားမာန်

၂၀-၇-၂၀၀၉ ရက်ကစပြီး အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံး Labour Exchange Office ၇၇ရုံးကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရဲ့ ပြဋ္ဌာန်းချက် အမှတ်(၂)နဲ့အညီ နိုင်ငံတစ်ဝန်း ပြန်လည်ဖွင့်လှစ်အကောင်အထည်ဖော်ခဲ့ပါတယ်။

၁၉၅၉ ခုနှစ် အလုပ်ခန့်ထားမှုကန့်သတ်ရေး အက်ဥပဒေပုဒ်မ ၃(၁) အရ အလုပ်ရှင်တွေဟာ အလုပ်နေရာလစ်လပ်တိုင်း ဒါမှမဟုတ် အလုပ်သစ်ပေါ်ပေါက်တိုင်း အလုပ်သစ်ပေါ်တဲ့နေ့က ခုနစ်ရက်အတွင်း သက်ဆိုင်ရာ LEO ရုံးကို သွားရောက်ပြီး အလုပ်သမားလိုအပ်ကြောင်း အကြောင်းကြားရပါတယ်။ အက်ဥပဒေပုဒ်မ ၃(၂)နဲ့ ၃(၃)တို့အရ အလုပ်အကိုင်နဲ့အလုပ်သမားရှာဖွေရေးရုံးတွေက အရည်အချင်းကိုက်ညီသူ အလုပ်သမားစာရင်းကို သက်ဆိုင်ရာ အလုပ်ရှင်တွေဆီ ပေးပို့ရပါတယ်။ အလုပ်ရှင်တွေအနေနဲ့ ပေးပို့လိုက်တဲ့ စာရင်းကနေ သင့်တော်သူတွေကို ရွေးချယ်ခန့်ထားပေးကြပါတယ်။

ဒါကြောင့် ဝန်ကြီးဌာနများ၊ ဖက်စပ်လုပ်ငန်း၊ သမဝါယမလုပ်ငန်း၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွေနဲ့ စက်မှုဇုန်တွေက တာဝန်ရှိသူတွေနဲ့ လုပ်ငန်းရှင်တွေဟာ LEO ရုံးတွေကို အလုပ်နေရာလစ်လပ်မှုရှိတိုင်း အလုပ်ခန့်ထားလိုတဲ့ အလုပ်အကိုင်အမျိုးအစားအလိုက် အရေအတွက်ကို မပျက်မကွက်ဆက်သွယ်ပေးဖို့လိုပါတယ်။ ဒါ့အပြင် အလုပ်နေရာရွေးချယ်ခြင်း ခံထားသူများအတွက်လည်း LEO ရုံးများမှ အလုပ်ခန့်ထားရေးကတ်ပြား အလလခပုံစံ(၇) ထုတ်ပေးနိုင်ဖို့အတွက် မပျက်မကွက် တောင်းခံကြဖို့ အရေးကြီးကြောင်း အသိပေးလိုပါတယ်။

LEO ရုံးတွေမှာ အလုပ်အကိုင် လာရောက်လျှောက်ထားသူတွေကို အသက်မွေးဝမ်းကျောင်းနဲ့ စက်မှုလက်မှုအသိပညာရှင်၊ အတတ်ပညာရှင်၊ စီမံခန့်ခွဲရေးအရာရှိများ၊ မန်နေဂျာ၊ စာရေးနဲ့ အခြားဝန်ထမ်းများ၊ အရောင်းဝန်ထမ်းနဲ့ ဝန်ဆောင်မှုလုပ်သား၊ ငါးဖမ်း၊ အမဲလိုက်၊ သစ်တော၊ လယ်ယာလုပ်သား၊ ကုန်ထုတ်လုပ်သား၊ သယ်ယူပို့ဆောင်ရေးလုပ်သားနှင့် အလုပ်ကြမ်းသမားစသဖြင့် အလုပ်အကိုင်အုပ်စုကြီး ကိုးမျိုး ခွဲခြားသတ်မှတ်ပြီး အလုပ်ညွှန်းမှတ်တွေသတ်မှတ်ကာ မှတ်ပုံတင်ထားရပါတယ်။ ဒါကြောင့် LEO ရုံးဆိုတာ အလုပ်သမားရရှိလိုသူအလုပ်ရှင်တွေနဲ့ အလုပ်အကိုင်ရှာဖွေသူတွေအတွက် လိုအပ်ချက်တွေကို အမြန်ဆုံးဖြည့်ဆည်းပေးပို့ ပေါင်းစပ်ညှိနှိုင်းပေးတဲ့ ပေါင်းကူးနေရာဖြစ်တယ်ဆိုတာ အသိပေးလိုပါတယ်။

အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီး အလုပ်ရှင်တွေ သိရှိလိုက်နာရမယ့် နည်းဥပဒေ၊ အက်ဥပဒေတွေကို ၂၀၀၉ ခုနှစ် ဇူလိုင် ၂၀ ရက်ကနေ အောက်တိုဘာလကုန်အထိ သက်ဆိုင်ရာ ဒေသအာဏာပိုင်များအကူအညီနဲ့ တိုင်းနှင့်ပြည်နယ်အသီးသီးက LEO ရုံး ဦးစီးအရာရှိတွေက (၃၃၇)ကြိမ် ချပြဆွေးနွေးခဲ့ရာမှာ အစိုးရဌာနတွေမှ တာဝန်ရှိသူ ၉၅၃၇ ဦး၊ ပုဂ္ဂလိကလုပ်ငန်းရှင် ၁၁၀၈၀ ၊ သမပိုင်လုပ်ငန်းတွေက ၃၄၆ ဦး၊ ဖက်စပ်လုပ်ငန်းတွေက ၈၄ ဦးတို့ တက်ရောက်ခဲ့ကြပြီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။

အလုပ်သမားဝန်ကြီးဌာနရှိ LEO ရုံးများတွင် အလုပ်လုပ်ကိုင်ရန် လာရောက်မှတ်ပုံတင်သူနဲ့ အလုပ်ရရှိသွားသူများကို အခြေခံပြီး ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ဆောင်ရွက်ပေးနိုင်မှုကို လေ့လာကြည့်ရာမှာ အောက်ပါအတိုင်း မှတ်ပုံတင်သူဦးရေဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုရှိခဲ့ပြီး အလုပ်ရဦးရေဟာလည်း တိုးတက်ခဲ့တာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်-

ခုနှစ်	မှတ်ပုံတင်သူ	အလုပ်ရရှိသူ	အလုပ်ရရာခိုင်နှုန်း
၂၀၀၇-၂၀၀၈	၃၈၅၇၈၆ ဦး	၇၃၇၃၄ ဦး	၁၉.၁၁%
၂၀၀၈-၂၀၀၉	၅၁၁၆၇၇ ဦး	၁၈၄၁၆၃ ဦး	၃၅.၉၉%
၂၀၀၉-၂၀၁၀	၅၈၈၇၃၀ ဦး	၂၃၆၁၈၃ ဦး	၄၀.၁၁%

ပြည်ပအလုပ်အကိုင်မှတ်ပုံတင်သူတွေကိုကြည့်ရင် ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်းမှာ ၇၂၆၅၃ ဦးရှိပြီး အလုပ်ရရှိသူ ၆၇၄၁၉ ဦးရှိတဲ့အတွက် ၉၀ ရာခိုင်နှုန်းနီးပါး အလုပ်ရရှိခဲ့တာ တွေ့ရပါတယ်။ တရားဝင်ပြည်ပအလုပ်အကိုင်အေဂျင်စီတွေရဲ့ ကမ်းလှမ်းချက်အရ အလုပ်ရရှိသူတွေအပြင် မြန်မာ- ထိုင်းနှစ်နိုင်ငံ ညှိနှိုင်းချက်အရ မြဝတီ၊ ကော့သောင်းနဲ့ တာချီလိတ် နယ်စပ်တွေကနေ ထိုင်းနိုင်ငံရောက် တရားမဝင် မြန်မာအလုပ်သမားများကို တရားဝင်ဆက်လက်အလုပ်လုပ်ကိုင်နိုင်စေဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ရာမှာ ၂၀၁၀ ခုနှစ် ဇွန်လဆန်းအထိ အလုပ်သမားပေါင်း ကိုးသောင်းကျော်ကို ယာယီနိုင်ငံကူးလက်မှတ်နဲ့ ပြည်ပအလုပ်အကိုင်သက်သေခံကတ်ပြားတွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် LEO ရုံးတွေမှာ ပြည်တွင်း အလုပ်အကိုင်သာမက ခွင့်ပြုချက်ရရှိပြီးဖြစ်တဲ့ ပြည်ပအလုပ်အကိုင် ကမ်းလှမ်းစာ Job Offer တွေကိုပါ လက်ခံကြေညာပေးနေတာကြောင့် အလုပ်အကိုင် ရှာဖွေသူတွေအတွက် ဝမ်းမြောက်စရာဖြစ်ပါတယ်။

အလုပ်ရှင်တွေရဲ့ အလုပ်သမားလိုကြောင်း အကြောင်းကြားစာပါ အရေအတွက်ဟာ နယ်မြေခံ LEO ရုံးတွေမှာရှိတဲ့ အရည်အချင်းကိုက်ညီသူတွေနဲ့ မလုံလောက်ရင် မြို့နယ်အချင်းချင်း၊ လိုအပ်ပါက ပြည်နယ်၊ တိုင်း၊ ခရိုင်အဆင့်ရုံးများအထိ မှတ်ပုံတင်ထားသူများကို ညှိနှိုင်းရှာဖွေဆောင်ရွက်ပေးနေပါတယ်။ LEO ရုံးတွေဟာ အလုပ်အကိုင်ရှာဖွေသူတွေ၊ အလုပ်အကိုင်ပေးလိုသူတွေအတွက် အခမဲ့ဝန်ဆောင်မှုပေးနေတဲ့ ဌာနတွေပဲ ဖြစ်ပါတယ်။ အလုပ်ရရှိပြီးတဲ့ အလုပ်သမားနဲ့ အလုပ်ခန့်သူ လုပ်ငန်းရှင်တို့အကြား လုပ်ငန်းခွင်စည်းကမ်း သတ်မှတ်နိုင်ဖို့၊ အလုပ်ရှင်နဲ့ အလုပ်သမားဆက်ဆံမှုပြေပြစ်စေဖို့၊ အလုပ်သမားဥပဒေပါ ရပိုင်ခွင့်တွေရရှိခံစားနိုင်စေဖို့ အလုပ်ရှင် အလုပ်သမား အလုပ်ခန့်ထားခြင်းဆိုင်ရာသဘောတူစာချုပ်ကို နိုင်ငံတကာကျင့်ဝတ်တွေနဲ့အညီ ချုပ်ဆိုစေပါတယ်။ အလုပ်ရှင်အလုပ်သမား အငြင်းပွားမှုရှိခဲ့ရင်လည်း မူဘောင်အတွင်း စနစ်တကျဖြေရှင်းနိုင်ဖို့ နှစ်ဦးနှစ်ဖက်မျှတတဲ့ အလုပ်သမားရေးရာကျင့်စဉ် (Fair Labour Practice) ကျင့်သုံးနိုင်စေရေး ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံတော်က အလေးထားဆောင်ရွက်နေရာမှာ ကုန်ထုတ်လုပ်ငန်းတွေ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ဖို့ အဓိကကျတဲ့ အရည်အချင်းပြည့်ဝတဲ့ အလုပ်သမားတွေကို လူမှန်နေရာမှန် နေရာချထားနိုင်ဖို့ လိုပါတယ်။ လူ့စွမ်းအားအရင်းအမြစ်တွေ ထိရောက်စွာအသုံးချနိုင်ရေး ဟန်ချက်ညီ ပေါင်းစပ်ပေးပြီး အလုပ်လုပ်လိုသူတွေ နှစ်သက်တဲ့ အသက်မွေးမှု အလုပ်အကိုင်တွေကို လွတ်လပ်စွာ ရွေးချယ်ခံစားခွင့်ရနိုင်ရေး၊ ထိုမှတစ်ဆင့် အရည်အချင်းပြည့်ဝတဲ့ လုပ်သားထုပေါ်ပေါက်လာစေရေးတို့အတွက် LEO ရုံးများက တစ်ထောင့်တစ်နေရာကနေ အားဖြည့်ဆောင်ရွက်ပေးနေပါတယ်။ နိုင်ငံအကျိုးပြု အခမဲ့ဝန်ဆောင်မှုလုပ်ငန်းစဉ်မှာ အလုပ်ရရှိလိုသူတွေနဲ့ အလုပ်ခန့်ထားပေးမယ့် လုပ်ငန်းရှင်တွေဟာ နိုင်ငံတော်၏ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (LEO) လုပ်ငန်းစဉ်တွေမှာ အင်တိုက်အားတိုက် တာဝန်သိစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်ရေးမှာ "ပေါင်းစည်းဟန်ချက် စွမ်းအားတက်" ဟူသော အလုပ်သမားဝန်ကြီးဌာန၏ ဆောင်ပုဒ်အတိုင်း ဖွံ့ဖြိုးတိုးတက်မှု မလွဲမသွေ ရရှိလာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

UMFCCI နှင့် CECNU တို့အကြား
နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာ မောင်မောင်လေး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးမြင့်စိုး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါက်တာ မျိုးသက်၊ ကော်မတီအတွင်းရေးမှူး ဦးကျော်သိန်းနှင့် ကော်မတီဝင်များသည် ကိုရီးယား သမ္မတနိုင်ငံ Chonnam National University မှ Professor, Dr. Kim Hoisoo ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့နှင့် ဇွန် ၁၈ရက် ညနေ ၃နာရီက ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် College of Education, Chonnam National University, Korea (CECNU) နှင့် UMFCCI တို့အကြား ပညာရေးဆိုင်ရာ အပြန်အလှန် ပူးပေါင်းကူညီရေး နားလည်မှုစာချွန်လွှာ (MoU) ကို CECNU မှ Dean, Mr. Kye Yun Lee နှင့် UMFCCI မှ ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်တို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (**အပေါ်ဝဲပုံ**)

(သတင်းစဉ်)

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လုံခြုံရေးမီးလိုင်း သီးသန့်ထားရှိမှုနှင့် ဈေးအတွင်း မီးသတ်ဆေးဘူးများ စနစ်တကျ ဆောင်ရွက်ထားရှိမှုကို ဇွန် ၇ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၂၀

ဗိုလ်မှူးကြီးခင်မြင့်(ငြိမ်း)သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီးစန်းမြင့်(ငြိမ်း)၊ ဦးစိုးသိန်း၊ ဦးမျိုးမြင့်၊ ဦးလှရွှေတို့နှင့်အတူ ဇွန်၂၀ရက် (တနင်္ဂနွေနေ့)တွင် တပ်မတော်ဂေါက်ကွင်း (မင်္ဂလာဒုံ)၌ ဂေါက်သီးရိုက်ကစားစဉ် ဘောလုံးအမျိုးအစား Callaway No. 1 အား သံတုတ်နံပါတ် Taylor Made Tour Burner Iron-7 ဖြင့် ၁၅၅ကိုက် အကွာအဝေးရှိ ကျင်းအမှတ်(၁၇)သို့ ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပေါင်မြို့နယ်အတွင်းရှိ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးဘေးရှိ မြေယာရှုခင်းများသာယာလှပရေးအတွက် ပြုပြင်ဆောင်ရွက်နေမှုကို ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၇၆)

21-6 (10).pmd 1 6/21/2010, 4:17 AM

မြောက်ကိုရီးယားအပေါ် အမှတ်ပြည့်ယူရတော့မည့် ပေါ်တူဂီ
ဟွန်ဒူးရပ်စ်အပေါ် တောရက်စ်တို့ ပေါက်ကွဲပြတော့မှာလား....

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး(မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇွန် ၂၀

ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိရာ အုပ်စုအသီးသီးမှ ပြိုင်ပွဲဝင်အသင်းများ အုပ်စုမှ နောက်တစ်ဆင့်တက်ရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကြရမည့် ပွဲများဖြစ်နေကြသည်။ အမှားအယွင်း အတိမ်းအစောင်းမခံဘဲ ရလဒ်ကောင်းရေး ကြိုးစားနေရပြီဖြစ်သဖြင့် ပွဲတိုင်းပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာလျက်ရှိသည်။ ကမ္ဘာ့ဖလားပွဲစဉ်များကို ဇွန် ၂၀ရက် (ယနေ့) ၌ ဆက်လယ်ယှဉ်ပြိုင်ကြရမည်ဖြစ်ရာ ပေါ်တူဂီနှင့် မြောက်ကိုရီးယား၊ ချီလီနှင့် ဆွစ်ဇာလန်၊ စပိန်နှင့် ဟွန်ဒူးရပ်စ်တို့ ပြတ်သားသည့် ရလဒ်ထွက်ပေါ်ရေး ခြေကုန်ထုတ်ကြရမည့်ပွဲများပင်ဖြစ်သည်။

ပေါ်တူဂီနှင့် မြောက်ကိုရီးယား

အုပ်စု(ဆ)မှ အသင်းများဖြစ်ပြီး ပေါ်တူဂီတို့က ပွဲဦးထွက်၌ အိုင်ဗရီကိုစ့်နှင့် ဂိုးမရှိသရေပွဲဖြစ်ထား၍ တစ်မှတ်သာရရှိထားသည်။ မြောက်ကိုရီးယားတို့က အဖွင့်ပွဲစဉ်၌ ဘရာဇီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးထားသဖြင့် အမှတ်ရရှိရေး အစွမ်းကုန်ကြိုးစားရမည့် အနေအထားရှိသည်။ ပေါ်တူဂီသည် ယခုပွဲ၌ စီရိုနယ်ဒို ဂိုးသွင်းမှုအပေါ်မူတည်ကာ ရလဒ်အပြောင်းအလဲဖြစ်ပေါ်ရန် နည်းပြကီရော့ဇ် စီမံမည်ဖြစ်သည်။ ဒေကိုနှင့် စီရိုနယ်ဒိုတို့ အဖွင့်ပွဲစဉ်၌ ထင်သလောက် ခြေစွမ်းမပြနိုင်ကြချေ။ မင်ဒက်စ်၊ မိုင်ရီရက်စ်တို့ကလည်း အပေးအယူ မမျှခဲ့သဖြင့် ပွဲဦးထွက်ကစားသမား အခင်းအကျင်းမှာ ခြေစွမ်းမပြနိုင်ခဲ့ရာ နည်းပြကီရော့ဇ် ပြောင်းလဲတော့မည်ဖြစ်သည်။ ကွင်းလယ်ပိုင်းအားနည်းမှုကို နည်းပြကီရော့ဇ် မည်သို့ပြုပြင်မည်ကို စောင့်ကြည့်ရမည်။ ဂိုးရရှိရေးအတွက် တစ်ဖက်အသင်း ဂိုးဧရိယာအတွင်း ဂိုးအဖြစ်ပြောင်းလဲနိုင်သည့် စီရိုနယ်ဒိုကို ထိရောက်သော ပံ့ပိုးမှုပြုလုပ်နိုင်လျှင် ပေါ်တူဂီတို့ အနိုင်ရမှတ်အပြည့် သိမ်းဆည်းနိုင်မည်ဖြစ်သည်။

ပေါ်တူဂီအတွက် ဂိုးသွင်းဖို့ မဖြစ်မနေလိုအပ်နေသည့် စီရိုနယ်ဒို။

ဘရာဇီးကို ပထမပိုင်းပွဲချိန်အတွင်း သရေပွဲကစားနိုင်သည့် မြောက်ကိုရီးယားခြေစွမ်းက ကောင်းမွန်သည်။ အသင်းလိုက် နားလည်မှုလည်းရှိသည်။ အပေးအယူလည်းမျှသည်။ သို့သော် မြောက်ကိုရီးယားတို့က နည်းစနစ်ပိုင်းနှင့် တစ်ဦးချင်းစွမ်းရည်တို့တွင် ပေါ်တူဂီကို မယှဉ်နိုင်ချေ။ မြောက်ကိုရီးယား ခံစစ်မှူးများဖြစ်သည့် ဂျွန်ဟွတ်ချာ၊ ပက်ဂျင်ချောတို့အုပ်စု လျင်မြန်သော ပေါ်တူဂီ တိုက်စစ်မှူးများ ထိုးဖောက်မှုကို မည်မျှတောင့်ခံနိုင်မှုက ဂိုးအရေအတွက်ကို ဖြစ်ပေါ်စေမည်။ မြောက်ကိုရီးယား ကစားသမားများ စိတ်ဓာတ်မြင့်မားစွာ ထားတတ်မှုက ပေါ်တူဂီ တိုက်စစ်မှူးများကို အခက်အခဲတွေ့စေမည်ကမူ အမှန်ပင်။ သို့သော် ကြံ့ခိုင်မှုနှင့် သက်လုံအပိုင်း၊ လျင်မြန်မှုနှင့် ကျွမ်းကျင်မှုအပိုင်းတို့တွင် လိုချက်များရှိနေသည့် မြောက်ကိုရီးယားတို့ အမှတ်ရရှိရေး ခက်ခဲနေမည်ဖြစ်သည်။

ချီလီနှင့် ဆွစ်ဇာလန်

အုပ်စု(ဇ)မှ ချီလီတို့က ဟွန်ဒူးရပ်စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ဂိုးရထားသဖြင့် သုံးမှတ် ရရှိထားသည်။ ဆွစ်ဇာလန်ကလည်း စပိန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူထားရာ သုံးမှတ်သိမ်းပိုက်ထားနိုင်သည်။ အုပ်စုမှ တက်ရေးအတွက် နှစ်သင်းစလုံးရမှတ် အရေးကြီးသည်ဖြစ်ရာ ခြေကုန်ဖွင့်ကြမည်ဖြစ်သည်။ ဟွန်ဒူးရပ်စ်ကို အနိုင်ယူခဲ့သည့် ချီလီခြေစွမ်းက အားရစရာ မကောင်းချေ။ တိုက်စစ်မှူးများဖြစ်သည့် ဆန်ချက်ဇ်၊ မီလာနှင့် ရိုဒရီဂိုတို့ကို ကွင်းလယ်မှ ဗီဒယ်လ်၊ ဗာလ်ဒီဗီရာတို့က တိကျသော ပံ့ပိုးမှုမပြုလုပ်နိုင်၊ ကွင်းလယ်မှ ဖြတ်တောက်အားကောင်းသော်လည်း တိုက်စစ်ကို အုံဖွဲ့ထိုးဖောက်မှုအပိုင်း ပီပြင်မှုမရှိ

ဆွစ်ဇာလန်အတွက် အားထားရသည့် တိုက်စစ်မှူး ဖာနန်ဒက်ဇ်။

ချေ။ ချီလီခံစစ်မှူးများက တစ်ဖက်အသင်း တိုက်စစ်မှူးများကို တည်တည်ငြိမ်ငြိမ် ဟန့်တားနိုင်သည်။ ဘယ်ညာတောင်ပံများမှ ဖြတ်တင်ဘောများကို ပါးနပ်စွာ ရှင်းထုတ်နိုင်ကြသည်။ ပွန်စီ၊ မီဒယ်လ်၊ ကာမိုနာတို့က ဂိုးဧရိယာအတွင်း အမှားအယွင်းနည်းကြသည်ဖြစ်ရာ ဆွစ်ဇာလန် တိုက်စစ်မှူးများ ထိုးဖောက်ရခက်မည်မှာ သေချာသည်။

အံ့အားသင့်ဖွယ်

ဆွစ်ဇာလန်တို့ကလည်း မာကျောသည့်စပိန်ကို အံ့အားသင့်ဖွယ် အနိုင်ယူခဲ့သဖြင့် ကွင်းလယ်နှင့် ခံစစ်ပိုင်း စုစည်းသိပ်သည်းမှုကို လျှော့တွက်၍မရချေ။ ဆွစ်ဇာလန်တို့က အသင်းလိုက် ကစားအားကောင်းသည့်အပြင် ခံစစ်၊ တိုက်စစ်မျှသည်။ အတို၊ အဝေးပေးမှု တိကျသည့်အပြင် ကွင်းလယ်ပိုင်း ကစားအားကောင်းမွန်သည်။ ဘာနက်တာ၊ ဟူဂယ်နှင့် အက်ဂီမန်တို့က တစ်ကွင်းလုံးလိုက်ပါကာ ဟာကွက်မရှိအောင် ကစားနိုင်ကြသည်။ တိုက်စစ်ပိုင်းတွင် ဖာနန်ဒက်ဇ်က ဂိုးသွင်းနိုင်ရာ ဆွစ်ဇာလန်တို့ ချီလီထက် အားသာလေသည်။ အထူးသဖြင့် ဆွစ်ဇာလန် နောက်တန်းက တောင့်တင်းမှု အပြည့်ရှိနေသည်။ တိုက်စစ်မှူးများကို ရဲရဲဝံ့ဝံ့ ဝင်ထွက်ဟန့်တားနိုင်သော်လည်း အမှားအယွင်းမကင်းချေ။ ဂိုးဧရိယာအတွင်း အဝင်အထွက်မှားတတ်သည်။ ဆွစ်ဇာလန်တို့ မမျှော်လင့်သည့်ရလဒ်များ ကြုံတွေ့သွားရနိုင်သည်။ သို့သော် ချီလီနှင့် ဆွစ်ဇာလန်တို့က အင်အားချင်းမျှနေသည်ကအမှန်ပင်။ ယခုပွဲ၌ အမှတ်ခွဲဝေယူသွားကြရမည်ဟု ကောက်ချက်ဆွဲနေမိသည်။

စပိန်အတွက် တောရက်စ် ဂိုးသွင်းနိုင်မှာလား....။

စပိန်နှင့် ဟွန်ဒူးရပ်စ်

အုပ်စု(ဇ)၌ စပိန်တို့ နာမည်ကြီးအမှတ်မရဖြစ်နေမှုကို ယခုပွဲ၌ ချေဖျက်တော့မည်။ ဝေဖန်ပြစ်တင်မှုများနှင့် ဖိအားများကြောင့် စပိန်တို့ ယခုပွဲ အပြတ်အသတ်ကစားရတော့မည့် အနေအထားရောက်နေပြီး ဒေးဗစ်ဗီလာ၊ ဆေးလ်ဗား၊ တောရက်စ်တို့ ယခုပွဲ ဂိုးသွင်းနိုင်ဖို့ ကြိုးစားမည်ဖြစ်ရာ ဟွန်ဒူးရပ်စ်နောက်ခံလူများ ခက်ခဲစွာ တားဆီးရမည်ဖြစ်သည်။ နည်းပြမာဆယ်လိုလစ်ပီ၏ အခင်းအကျင်းအပေါ် သံသယရှိနေမှုကို ချေဖျက်ရေးအတွက် တောရက်စ်ကို ယခုပွဲ၌ ကနဦးပွဲထွက်ကစားသမားစာရင်း၌ ထည့်သွင်းမည်လား စောင့်ကြည့်ရမည်။ စပိန်တို့ ယခုနှစ် ခြေစစ်ပွဲ၊ ခြေစမ်းပွဲ ရှုံးပွဲမရှိ ရလဒ်မှာ နည်းပြအစီအမံကြောင့် ပျက်သုဉ်းခဲ့ရသဖြင့် ဗျူဟာနှင့် နည်းစနစ်ပိုင်းများပြောင်းလဲမှုရတော့မည်။စပိန်ခံစစ်မှူးများဖြစ်သည့် အသင်းခေါင်းဆောင် ပူယိုးတို့အုပ်စုက ဟွန်ဒူးရပ်စ်တိုက်စစ်မှူးပါပွန်တို့ကို ကောင်းကောင်းဟန့်တားနိုင်မှုရှိနေသည်။ ဆွစ်ဇာလန်နှင့်ပွဲ၌ သင်ခန်းစာရခဲ့မှုကြောင့် ယခုပွဲ၌ တိုက်စစ်ဖွင့်ကာ အင်အားပြည့် ထိုးဖောက်ဂိုးသွင်းမှုကို ဦးတည်တော့မည်မှာ အမှန်ပင်။ ချီလီကို ပွဲဦးထွက်၌ အမှတ်ပေးခဲ့သည့် ဟွန်ဒူးရပ်စ်တို့ ယခုပွဲတွင် စပိန်တို့အနိုင်ရလိုမှု အဟုန်ပြင်းပြင်းစိတ်ဓာတ်ကို တားဆီးနိုင်ရန် အင်အားအပြည့်မရှိချေ။ ဟွန်ဒူးရပ်စ်တို့ အသင်းလိုက် စုစည်းမှုကောင်းသည်မှန်သော်လည်း တိုက်စစ်က ထက်မြက်မှုမရှိသဖြင့် နိုင်ပွဲရလဒ်ပုံဖော်ရန် စပိန်ကို ခက်ခဲမည်မှာသေချာသည်။ ဟွန်ဒူးရပ်စ်တွင် အယ်ဗာရက်ဇ်နှင့် သောမတ်စ်ရှိသော်လည်း စပိန်နောက်တန်းတံတိုင်းကို ကျော်လွှားရန် လက်ရှိခြေစွမ်းဖြင့် မလွယ်ကူ။ စပိန်၏ ခံစားချက်များ ယခုပွဲ၌ ပေါက်ကွဲပြမည်ဖြစ်ရာ ဟွန်ဒူးရပ်စ်ကို အမှတ်ခွဲဝေပေးမည်ဟု မမြင်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ထူးခြားလွဲမှား ကမ္ဘာ့ဖလားရလဒ်များ

အာကာဟိန်း-စုစည်းတင်ပြသည်

ရန်ကုန် ဇွန် ၂၀

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၁၁ရက်က စတင်ကျင်းပခဲ့ရာ ဇွန် ၁၉ရက်အထိ ပွဲစဉ်ပေါင်း ၂၆ပွဲ ယှဉ်ပြိုင်ကစားခဲ့ကြပြီးဖြစ်သည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကျင်းပလာခဲ့သည်မှာ ယခု (၁၉)ကြိမ်မြောက် ရှိပြီဖြစ်ရာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် ဘောလုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားသည့်ရလဒ်အဆိုးရွားဆုံး ကမ္ဘာ့ဖလားပွဲဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးသုတေသီများက ဖွင့်ဟဖော်ပြခဲ့ကြသည်—

၃၈နှစ်အတွင်း

၂၀၁၀ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင်တောင်အာဖရိကအသင်းကို မက္ကဆီကိုတို့ ဂိုးမရှိသရေပွဲရလဒ်သည် ခြေစစ်ပွဲကို မဝင်ရဘဲ ယှဉ်ပြိုင်ရသည့် တောင်အာဖရိကကဲ့သို့အသင်းကို တစ်ဂိုးစီသရေပွဲရလဒ်မှာ မက္ကဆီကိုအသင်း၏ ၃၈နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ မက္ကဆီကိုအသင်းသည် ကမ္ဘာ့ဖလားသမိုင်းတွင် အာဖရိကအသင်းတစ်သင်းနှင့် ပွဲဦးထွက် ပထမဆုံးသရေပွဲပင်ဖြစ်သည်။

ထို့အပြင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်း၌ အဖွင့်ပွဲစဉ်များ ယှဉ်ပြိုင်ခဲ့ရာတွင် နှစ်ပွဲစလုံး သရေပွဲရလဒ်ဖြစ်ခဲ့သည်မှာလည်း တတိယအကြိမ်မြောက် ဖြစ်ရပ်ပင်ဖြစ်သည်။ ထို့အပြင် ဇွန် ၁၂ရက်က ယှဉ်ပြိုင်ကစားခဲ့ကြသည့် ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပွဲစဉ် (၃)တွင် တောင်ကိုရီးယားအသင်းက ဂရိကို နှစ်ဂိုးပြတ်အနိုင်ရရှိခြင်းမှာလည်း ထူးခြားသော ရလဒ်ဖြစ်ပြီး ကမ္ဘာ့ဘောလုံးပရိသတ် ၉၀ရာခိုင်နှုန်းတို့၏ ထင်မြင်သုံးသပ်မှု လွဲချော်ခဲ့ရသည့် ပွဲစဉ်တစ်ရပ်လည်းဖြစ်ခဲ့သည်။

အိပ်မက်သဖွယ်

တစ်ဖန် ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ပွဲစဉ်(၁၀)အဖြစ် ဂျပန်နှင့် ကင်မရွန်းတို့ ယှဉ်ပြိုင်ကစားသောပွဲစဉ်၌ ကင်မရွန်းကို ဂျပန်တို့က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲတွင် ကင်မရွန်းအသင်း အနိုင်ရမည်ဟု ခန့်မှန်းခဲ့သော ကမ္ဘာ့ပရိသတ်၏ ၇၅ရာခိုင်နှုန်းက ကင်မရွန်းအသင်း အနိုင်ရရှိမည်ဟု ထင်မြင်ချက်ပေးခဲ့သော်လည်း လွဲချော်ခဲ့သည်။ ကင်မရွန်းတိုက်စစ်မှူး အီတူးက ဂျပန်အား ရှုံးခဲ့သည့်ရလဒ်ကို အိပ်မက်သဖွယ် ခံစားနေရဆဲဖြစ်ကြောင်း ဇွန် ၁၉ရက်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ဖွင့်ဟပြောကြားခဲ့သည်။

ထို့အပြင် ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်(၁၆)အဖြစ် စပိန်နှင့် ဆွစ်ဇာလန်တို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင်လည်း စပိန်အသင်း အနည်းဆုံး နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိမည်ဟု ဥရောပဘောလုံးအဖွဲ့ချုပ်နှင့် နည်းပြအများစုက ခန့်မှန်းထားကြသည်။ သို့သော် ပွဲအပြီးရလဒ်မှာ စပိန်တို့ တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးခဲ့သဖြင့် အံ့သြခဲ့ကြရသည်။ ၁၉၂၅ခုနှစ် ဇွန် ၁ရက်ကစတင်ပြီး စပိန်နှင့် (၁၈)ကြိမ် ယှဉ်ပြိုင်ကစားခဲ့သော ဆွစ်ဇာလန်တို့ ယခုနိုင်ပွဲရရှိခြင်းမှာ (၈၅)နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ ထို့အပြင် ၁၉၅၄ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှ စတင်ကာ ဆွစ်ဇာလန်တို့ အဖွင့်ပွဲတိုင်း ရှုံးခဲ့ရာမှ ယခုပွဲသည် ပထမဆုံးနိုင်ပွဲအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

အံ့သြခဲ့ကြ

တစ်ဖန် ၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပွဲစဉ်(၁၅)အဖြစ် ဟွန်ဒူးရပ်စ်နှင့် ချီလီတို့ပွဲစဉ်တွင်လည်း ကမ္ဘာ့ပရိသတ်များ အပါအဝင် ယခု ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်း ၃၂သင်းမှ နည်းပြများက ချီလီအသင်း ဂိုးပြတ်အနိုင်ရရှိမည်ဟု ခန့်မှန်းကြသည်။ ပွဲရလဒ်မှာ ချီလီတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ခက်ခဲပင်ပန်းစွာ ရုန်းကန်ခဲ့ကြရသည်။ ထို့ကြောင့် ဟွန်ဒူးရပ်စ်၏ခြေစွမ်းကို ကမ္ဘာ့ပရိသတ်များနှင့် နည်းပြများ အံ့သြခဲ့ကြသည်။ ချီလီတို့အနေဖြင့်လည်း ၁၉၆၂ခုနှစ်မှစတင်ကာ ကမ္ဘာ့ဖလားအုပ်စုပွဲများ၌ နိုင်ပွဲတစ်ကြိမ်မျှ မရခဲ့ဖူးသည့်မှတ်တမ်းကို ထူးခြားစွာ ချေဖျက်ပစ်နိုင်ခဲ့သည်။

ပထမဆုံးဂိုး

၂၀၁၀ကမ္ဘာ့ဖလားပွဲ၏ ပွဲစဉ်(၁၄)အဖြစ် ဘရာဇီးနှင့် မြောက်ကိုရီးယားတို့ပွဲတွင် ခြေစွမ်းအကောင်းဆုံးနှင့် ပြိုင်ပွဲဝင်အသင်းများ၌ ခြေစွမ်းအားအနည်းဆုံး အသင်းတို့ယှဉ်ပြိုင်ခဲ့ရာ ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့မှုနှင့် မြောက်ကိုရီးယားတို့ တစ်ဂိုးပြန်သွင်းနိုင်ခဲ့မှုမှာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်း၏ ၄၄နှစ်အတွင်း မြောက်ကိုရီးယားတို့၏ ပထမဆုံးဂိုးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

မှတ်တမ်းတင်

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်(၂၀)အဖြစ် ပြင်သစ်နှင့် မက္ကဆီကိုတို့ပွဲစဉ်တွင်လည်း ပြင်သစ်အသင်း နိုင်ပွဲရရှိမည်ဟု ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသင်းနည်းပြများနှင့် ပရိသတ်များက မျှော်လင့်ခဲ့ကြသည်။ ပွဲအပြီးရလဒ်မှာ မက္ကဆီကိုတို့ နှစ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့သဖြင့် အံ့အားသင့်ခဲ့ကြရသည်။ မက္ကဆီကိုအသင်းသည် ၁၉၃၀ပြည့်နှစ်မှစတင်ကာ နှစ်ပေါင်း ၈၀အတွင်း ပြင်သစ်ကို ပထမဆုံးအကြိမ် နိုင်ပွဲရရှိခဲ့ခြင်းအဖြစ် စံချိန်မှတ်တမ်းတင်နိုင်ခဲ့သည်။ ပြင်သစ်အသင်းသည် ၁၉၆၆ခုနှစ် ကမ္ဘာ့ဖလားပွဲမှသည် ယခုပွဲမတိုင်မီအထိ မက္ကဆီကိုအသင်းနှင့် ဆုံတွေ့တိုင်း တစ်ကြိမ်မျှမရှုံးခဲ့ဖူးချေ။ ပြင်သစ်အသင်းအတွက် ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်တွင် အဆိုးရွားဆုံးရလဒ်ဖြစ်ခဲ့သည်။

ထို့အပြင် ၂၀၁၀ကမ္ဘာ့ဖလားပွဲ၏ ပွဲစဉ်(၂၁)အဖြစ် ဂျာမနီနှင့် ဆားဗီးယားတို့ပွဲတွင် ဂျာမနီတို့၏ လက်ရှိခြေစွမ်း၊ ကစားသမားတစ်ဦးချင်း အရည်အသွေးအပိုင်းတို့၌ သာလွန်ချက်များဖြင့် ဂျာမနီတို့ ဂိုးပြတ်နိုင်မည်ဟု တွက်ဆခဲ့ကြသော်လည်း လက်တွေ့၌ ဂျာမနီတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပွဲကြုံပြီး တိုက်စစ်မှူး ကလိုဆေးလည်း အနီကတ်ပြထုတ်ပယ်ခံခဲ့ရသဖြင့် ခန့်မှန်းချက်များလွဲချော်ကာ ဂျာမနီတို့၏ ကမ္ဘာ့ဖလားဘောလုံးပွဲသမိုင်းတွင် အဆိုးရွားဆုံးပွဲစဉ်အဖြစ် မှတ်တမ်းတင်ခြင်းခံရသည့်ပွဲဖြစ်ခဲ့သည်။

ထို့ကြောင့် လက်ရှိကစားပြီးခဲ့သည့် ပွဲစဉ်များအထိ သုံးသပ်လျှင် (၁၉)ကြိမ်မြောက် ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် ပွဲစဉ်ရလဒ်များ ကမောက်ကမအဖြစ်ဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတစ်ရပ်အဖြစ် သုံးသပ်ကြောင်း ကမ္ဘာ့ဖလားဘောလုံးပွဲသုတေသီများက တညီတညွတ်တည်း သုံးသပ်ပြောကြားနေကြပါကြောင်း။ ။

AFC President's Cup အိမ်ရှင်အဖြစ်ကျင်းပခွင့်အတွက် AFC မှ တာဝန်ရှိသူများ လာရောက်စစ်ဆေးဆွေးနွေး

ရန်ကုန် ဇွန် ၂၀

၂၀၁၀ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပမည့် AFC President's Cup ဆီးမီးဖိုင်နယ်နှင့် ဖိုင်လ်လုပွဲအဆင့် ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ပြုနိုင်ရေးအတွက် ကြိုတင်စစ်ဆေးဆွေးနွေးမှုများပြုလုပ်ရန် အာရှဘောလုံးအဖွဲ့ချုပ် (AFC) မှ Director of Competions Mr. Tokuaki Suzuki နှင့် Competition Manager Mr. Subramanian Manickan တို့သည် ရန်ကုန်မြို့သို့ ဇွန် ၁၉ရက် နံနက်က လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဆွေးနွေး

အဆိုပါ AFC ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၉ရက်တွင် AFC President's Cup ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိပါက ပြိုင်ပွဲကျင်းပမည့် သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်း အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း သုံးကွင်းအပြင် ပြိုင်ပွဲဝင်အသင်းများအား ထားရှိမည့် ဟိုတယ်များကိုပါ သွားရောက် ကြည့်ရှုစစ်ဆေးမှုများပြုလုပ်ပြီး ညနေပိုင်း၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အဖွဲ့အား တွေ့ဆုံဆွေးနွေးခဲ့သည်။

အလားအလာ

မြန်မာနိုင်ငံအနေဖြင့် အဆိုပါပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပလိုကြောင်း ပြီးခဲ့သည့် မေ ၂၈ရက်ကတည်းက AFC သို့ တရားဝင် တင်ပြလျှောက်ထားခဲ့ပြီးဖြစ်သကဲ့သို့ ယင်းပြိုင်ပွဲကို တာဂျစ်ကစ္စတန်နှင့် တာ့ခ်မင်နစ္စတန်တို့ကလည်း အိမ်ရှင်အဖြစ်လျှောက်ထားခဲ့သည်။ သို့သော် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို AFC တာဝန်ရှိသူများက လက်ခံသဘောကျ လျက်ရှိသောကြောင့် AFC President's Cup ပြိုင်ပွဲ၏ အုပ်စုနှစ်စုကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခဲ့သည့် မြန်မာနိုင်ငံကိုသာ ယခုပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲအဆင့်ပြိုင်ပွဲကို လက်ခံကျင်းပခွင့်ပြုရန် အလားအလာရှိကြောင်း သိရသည်။

(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုးတွင်းကာလ ရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် မြို့တွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် မေ ၁၅ရက်က အဖွဲ့ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်စောနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွဏ်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

21-6 (11).pmd 1 6/21/2010, 4:17 AM

မြန်မာ့အလင်း အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းတင်ပြသည်

ဂျိုကိုးလ်အား မန်စီးတီးက ကမ်းလှမ်းဖွယ်

အာဆင်နယ်နှင့် စပါးအသင်းတို့က စာချုပ်ခေါ်ယူရန် စိတ်ဝင်စားနေသော အသက်၂၈နှစ်ရှိ အင်္ဂလန်လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမားနှင့် ချယ်လ်ဆီး ကစားသမား ဂျိုကိုးလ်အား မန်စီးတီးအသင်းက တစ်ပတ်လုပ်ခလစာ ပေါင် ၁၁၀၀၀၀ နှင့် အေးဂျင့်ကြေးကို ပေါင်သုံးသန်းဖြင့် ကမ်းလှမ်းဖွယ်ရှိကြောင်း ဖော်ပြသည်။

ဒီဂိုဖော်လန်အား ရက်နက် စာချုပ်ခေါ်ယူလို

စပါးနည်းပြ ဟယ်ရီရက်နက်သည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ဥရုဂွေး တိုက်စစ်မှူး ဒီဂိုဖော်လန်အား စာချုပ်ခေါ်ယူလိုသည်ဟုဆိုသည်။

ဝက်စ်ဟမ်း၌ ဆက်နေမည်ဟု စကော့ပါကာပြောကြား

ဝက်စ်ဟမ်းနည်းပြသစ် အေဘရမ်ဂရန့်၏ မြေတောင်မြှောက်ပေးမှုကြောင့် အသင်းတွင် ပြန်လည်နေရာရကာ ခြေစွမ်းပြလာနိုင်သော ဝက်စ်ဟမ်း ကွင်းလယ် ကစားသမား စကော့ပါကာက အသင်း၌ ဆက်နေမည်ဟု ပြောကြားခဲ့သည်။

စတီဖင်အိုင်ယာလန်အား ခေါ်ယူရန် ဝင်းဂါးစိတ်ဝင်စား

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် မန်စီးတီးအသင်းမှ အသက် ၂၃နှစ်ရှိ ကွင်းလယ်ကစားသမား စတီဖင်အိုင်ယာလန်အား စာချုပ်ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း ဖော်ပြသည်။

အင်္ဂလန်နည်းပြအဖြစ်မှ ကာပယ်လို နုတ်ထွက်ဖွယ်

အင်္ဂလန်အသင်းသည် အကယ်၍ ကမ္ဘာ့ဖလားရှုံးထွက်အဆင့်သို့ မတက်ရောက် နိုင်ခဲ့ပါက နည်းပြကာပယ်လို နုတ်ထွက်ဖွယ်ရှိကြောင်း၊ ၎င်း၏နေရာကို ဖူလ်ဟမ်နည်းပြ ရှိုင်ဟော့ဆန် သို့မဟုတ် စပါးနည်းပြ ဟယ်ရီရက်နက်ဖြင့် အစားထိုးဖွယ်ရှိကြောင်း ဖော်ပြသည်။

ဟူးလ်စီးတီးနည်းပြ ကာဘစ်ရှလေ ဖြစ်လာဖွယ်

ယခုသီတင်းပတ်အတွင်း အသက် ၅၂ နှစ်ရှိ အလန်ကာဘစ်ရှလေအား ဟူးလ်စီးတီး နည်းပြအဖြစ် တာဝန်ပေးဖွယ်ရှိကြောင်း၊ ၎င်းသည် ၂၀၀၈ ခုနှစ်တွင် ဝက်စ်ဟမ်း နည်းပြအဖြစ်မှ နုတ်ထွက်ကတည်းက နည်းပြအဖြစ်ထပ်မံတာဝန်ယူခဲ့ခြင်းမရှိသေး ကြောင်း သိရသည်။

၂၀၁၀ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဂူလ်ဘစ်ကျော်ခိုင်းခဲ့ရ

၂၀၁၀ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ နောက်ဆုံး၃၂ဦး ပြိုင်ပွဲတွင် ၂၀၀၈ ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံ ရာဖေးလ်နာဒယ်နှင့် တွေ့ဆုံယှဉ်ပြိုင်ရဖွယ်ရှိသည့် အသက်၂၁နှစ်အရွယ် ကမ္ဘာ့အဆင့်၂၇ရှိ လတ်ဗီးယားတင်းနစ်သမား အီရိုနက်စ်ဂူလ်ဘစ် သည် တံကောက်ကြောဒဏ်ရာကြောင့် ဝင်ဘယ်ဒန်ပြိုင်ပွဲကို ကျော်ခိုင်းခဲ့ရပြီဖြစ် သည်။

ဝင်ဘယ်ဒန်ချန်ပီယံဖြစ်ရန် မာရေးချုပ်တည်းနိုင်ရန်လို

ဗြိတိသျှအဆင့်(၁) တင်းနစ်သမား အန်ဒီမာရေးအနေဖြင့် ဝင်ဘယ်ဒန်ချန်ပီယံ ဖြစ်လိုပါက အတွင်းစိတ်ကို ချုပ်တည်းနိုင်ရမည်ဖြစ်ပြီး စွမ်းအားကိုလည်း အမြောက် အမြားသုံးရမည်ဖြစ်ကြောင်း ဗြိတိသျှအဆင့်(၁) တင်းနစ်သမားဟောင်း ဂွျန်အယ်လ် လွိုက်က သတိပေးပြောကြားသည်။

ကန် အိုးပင်းဂေါက်သီးဆုဖလားဆွတ်ခူးရေး ဝုဒ်အခွင့်သာ

အမေရိကန်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယအဆင့်ပတ်လည်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) တင်းနစ်သမား တိုက်ဂါးဝုဒ်သည် သတ်မှတ်ရိုက်ချက်အောက် တစ်ချက်လျှော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် ၆၆ချက်ဖြင့် တတိယနေရာ၌ ရပ်တည် ကာ (၁၅)ကြိမ်မြောက် ဂေါက်သီးဆုဖလားရယူရေး အိပ်မက်ရှင်သန်လာသည်။

ဒီဝိန်းချန်ဘာ မီတာ ၁၀၀ စံချိန်သစ်တင်

ဘာဂျင်တွင် ဇွန် ၁၉ရက်က ကျင်းပခဲ့သော ဥရောပ တီးမ်ချန်ပီယံရှစ်ပြေးခုန်ပစ် မီတာ၁၀၀ပြိုင်ပွဲတွင် ဗြိတိသျှပြေးခုန်ပစ်ကစားသမား ဒီဝိန်းချန်ဘာသည် ပြင်သစ် ပြေးခုန်ပစ်ကစားသမား ခရစ္စတိုဖီလီမိုင်ထရီ၏ စံချိန်ကိုချိုးကာ ၉ဒသမ၉၉ စက္ကန့်ဖြင့် စံချိန်သစ်တင်ခဲ့သည်။

ကန်လက်ဝှေ့သမား ဂရီးန်အား ဝပ်က အမှတ်ဖြင့်အနိုင်ယူ

ဆူပါဆစ်က် လက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် လက်ဝှေ့သမား အန်ဒရီဝပ် သည် ဒိုင်လူကြီးသုံးဦး၏ တညီတညွတ်တည်း ဆုံးဖြတ်ချက်ဖြင့် ပြိုင်ဘက်အမေရိကန် လက်ဝှေ့သမား အလန်ဂရီးန်အား အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်မည့်ရက် ပီရိုက်စ် ရွှေ့ဆိုင်း

လက်ဝှေ့သမား ဘရက်ဒလေပီရိုက်စ်သည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ဝယ်လ်တာဝိတ်လက်ဝှေ့ပြိုင်ပွဲ ယှဉ်ပြိုင်ထိုးသတ်မည့်ရက်ကို ဇူလိုင် ၉ရက်သို့ ရွှေ့ဆိုင်း ခဲ့ကြောင်း၊ ၎င်းယှဉ်ပြိုင် ထိုးသတ်မည့် ပြိုင်ဘက်ကိုမူ လက်ဝှေ့သမားများအနက်မှ ရွေးချယ်ဆဲပင်ဖြစ်ကြောင်း ဖော်ပြသည်။ ။

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အောင်လံ၌ စုပေါင်းသစ်ပင်စိုက်ပျိုး

အောင်လံ ဇွန် ၂၀

သရက်ခရိုင် အောင်လံမြို့နယ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို သံရွာကျေးရွာ မိုင်တိုင်အမှတ် (၂၁၇/၅) သံရွာဘူတာရုံလမ်းတွင် ဇွန် ၅ရက် နံနက် ၇နာရီက သရက်ခရိုင် သစ်တောဦးစီးဌာန၏စီစဉ်မှုဖြင့် ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

စုပေါင်း သစ်ပင်စိုက်ပျိုးပွဲသို့ အောင်လံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ သံရွာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အရန်မီးသတ်၊ အမျိုးသမီးရေးရာနှင့် အန်ဂျီအိုအဖွဲ့ဝင်များ၊ ကျေးရွာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရွာသူရွာသားများ စုစုပေါင်း အင်အား ၁၅၀ကျော် တက်ရောက်ကြပြီး ကျွန်းပင် ၁၀၀၀ကို ဘူတာရုံလမ်းဘေး ဝဲယာတွင် စုပေါင်းစိုက်ပျိုးကြသည်။

(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)

ကဝ မြို့ပြတံတား တည်ဆောက်မှုကြီးကြပ်

ကဝ ဇွန် ၂၀

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အတွင်း မြို့ပြငွေလုံးငွေရင်း အသုံးစရိတ် ဖြင့် ဆောင်ရွက်သည့် ခန်းမလမ်း သံကူ ကွန်ကရစ်တံတားကို တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်ဦး ဆောင်ရွက်ရာ အမှုဆောင် အရာရှိ ဦးသန်းဦးက ကြီးကြပ်ဆောင်ရွက် ပေးသည်။ **(မြို့နယ်စည်ပင်)**

ကျောက်ချောခင်းရန် ကျောက်များစုဆောင်း

ကျောက်ထု ဇွန် ၂၀

ကျောက်ထု မြို့မရပ်ကွက် သုခမ လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျောက်ကြီး စုဆောင်းထားရှိမှုကို ဇွန် ၁၂ရက်က မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်လင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးညဏ် ဦးတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက် ပေးကြသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ပုံ့ကျဈေးသည်များကြောင့် မီးသတ်ကားဝင်မရမည်ကိုစိုးရိမ်

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ၆လမ်းနှင့်၇လမ်းကြား၊ ဗိုလ်ချုပ် လမ်းမထိပ်၊ ၆လမ်းထိပ်နှင့် ၇လမ်းထိပ်တို့တွင် ဈေးဆိုင်ခန်းများနှင့်ပုံ့ကျဈေးသည်များ ကြောင့် မီးဘေးကြုံလျှင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် နီးသော်လည်း လမ်းထိပ်ဘေး နှစ်ဖက်မှဆိုင်အမိုးများကြောင့် မီးသတ်ကားဝင်မရသည့် အခြေအနေဖြစ်ပါ၍ ၎င်းဈေးဆိုင် များနှင့် ပုံ့ကျဈေးဆိုင်များကို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

ငရုတ်သီးအမှုန်များကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

မုံရွာမြို့ အောင်ချမ်းသာရပ် စံပြ လမ်းတောင်ဘက် အောင်ဓမ္မာရုံလမ်းရှိ ငရုတ်သီးစက်တွင် နံနက်မိုးလင်း မိုးချုပ် ငရုတ်သီးများကြိတ်ခြင်း၊ ပြာခြင်း၊ မွှေခြင်း တို့ကြောင့် အခိုး၊ အငွေ့၊ အမှုန်များ ပတ်ဝန်းကျင်ရှိလူများ ရှူရှိုက်နေရသည်မှာ နှစ်ပေါင်းကြာလာပါသဖြင့် ကျန်းမာရေး ထိခိုက်စေနိုင်ပါ၍ သက်ဆိုင်ရာမှ ရှင်းလင်း ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဒုက္ခခံရသူ

ခွေးလေခွေးလွင့်များ သောင်းကျန်းနေ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၇)ရပ်ကွက် မယ်ဇီကုန်းလမ်းနှင့် စိတ္တသုခလမ်းထောင့် ပတ်ဝန်းကျင်၌ ခွေးလေခွေးလွင့်များ သောင်းကျန်းလျက်ရှိရာ အနီးရှိ အထက(၁) လှိုင်နှင့် အထက(၂) လှိုင်တို့တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူကလေးငယ်များနှင့် ဈေးသွားဈေးလာများအတွက် အန္တရာယ်ရှိနေပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **အန္တရာယ်ကင်းလိုသူ**

သားစိမ်း၊ ငါးစိမ်းသည်များ ရှင်းလင်းပေးပါ

စာတည်းရှင့်-

ပဲခူးတိုင်း ညောင်လေးပင်မြို့ ဈေးအနောက်လမ်းတစ်လျှောက်တွင် စည်းကမ်းမဲ့ဈေးသည်များ လမ်းပေါ်သို့ တက်၍ ဈေးရောင်းချနေပါသဖြင့် ယာဉ်များ သွားလာရေး ခက်ခဲနေရသည့်အပြင် အနံ့ အသက်ဆိုးများကိုပါ ပတ်ဝန်းကျင်နေ သူများ နေ့စဉ်ရှူရှိုက်နေရပါ၍ သက်ဆိုင် ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးအနောက်လမ်းသူ

မီးခိုးညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်နိုင်

စာတည်းရှင့်-

သုဝဏ္ဏမြို့ ကမာကြည်လမ်းနှင့် တောင်ထိပ်ပန်းလမ်းထောင့်ရှိ အထည်ချုပ်စက်ရုံ မီးခိုးခေါင်းတိုင်မှ နေ့စဉ်မီးခိုးမည်းနှင့် မီးခိုးညှော်နံ့သည် ရပ်ကွက်နေသူများ၏ ကျန်းမာ ရေးကို ထိခိုက်နိုင်ပါ၍ လိုအပ်သလို စစ်ဆေးပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

တောင်ထိပ်ပန်းလမ်းသူ

ဓာတ်ဆီများသိုလှောင်ထား၍ မီးဘေးအန္တရာယ်စိုးရိမ်

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ကလေးမြို့ အောင် မင်္ဂလာရပ်ကွက် ဇေယျာလမ်းရှိ အိမ် တစ်အိမ်တွင် (သုတိလမ်းနှင့်ဝေဇယန္တာ လမ်းအကြား) ကားဓာတ်ဆီများ စီးပွားဖြစ် အငှားထုတ်ပေးပြီး စက်သုံးဆီများ တရား မဝင် သိုလှောင်ထားခြင်းကြောင့် မီးဘေး အန္တရာယ်စိုးရိမ်ရပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

ဇေယျာလမ်းသား

ကားတာယာအဟောင်းများ စွန့်ပစ်ထား သွေးလွန်တုပ်ကွေးရောဂါ စိုးရိမ်နေရ

စာတည်းရှင့်-

ကမာရွတ်မြို့နယ် (၈)ရပ်ကွက် နာနတ်တောလမ်း ပြည်ရိပ်မွန်အိမ်ရာ တိုက် ၁၊ ၂၊ ၃ နှင့် ၄ တို့၏ နောက်ဖေးလမ်းကြားများတွင် ကားတာယာအဟောင်းများ စွန့်ပစ်ထား၍ ခြင်ကျားများပေါက်ပွားလျက်ရှိပါသည်။ သို့ပါ၍ ပတ်ဝန်းကျင်ရှိ ကလေးငယ်များအတွက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမည့်အရေး စိုးရိမ်နေရပါ၍ သက်ဆိုင်ရာမှ ရှင်းလင်း ဖယ်ရှားပေးပါရန် အသိပေးတင်ပြအပ်ပါသည်။ ပြည်ရိပ်မွန် တိုက်သူ၊ တိုက်သားများ

နှစ်ကြာသစ်ပင်ကြီး အန္တရာယ်ရှိနေ

စာတည်းခင်ဗျား-

ရန်ကင်းမြို့နယ် (၁၃)ရပ်ကွက်ဓမ္မာရုံ လမ်း ရွာတော်ရှင်နန်းအနီးရှိ အပင်ကြီးသည် သက်တမ်းကြာရှည်၍ ဆွေးမြည့်နေပါ သဖြင့် ယခုအခါ မိုးတွင်းလေတိုက်၍ လဲပြိုကျနိုင်ပြီး ဓာတ်ကြိုးများနှင့် လမ်းသွား လမ်းလာများ အန္တရာယ်ရှိသဖြင့် သက်ဆိုင် ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ် ပါသည်။

စိုးရိမ်သူ

ရေမလာတာ နှစ်လခန့်ကြာမြင့်နေပြီ

စာတည်းရှင့်-

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (က)ရပ်ကွက် နတ်စင်လမ်းနှင့် အာသာဝတီ လမ်းတို့တွင် ရေမလာသည်မှာ နှစ်လခန့်ကြာမြင့်ပြီဖြစ်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ် သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရေလိုအပ်သူ**

ကြက်ခြံအနံ့ဆိုး ဆောင်ရွက်ပြီးစီး

၁၀-၅-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မိတ္ထီလာမြို့ မိတ္ထီလာ-ကျောက်ပန်းတောင်း အမြန်လမ်းမကြီး၏ မြောက်ဘက်တွင်ရှိသော ကြက်ခြံအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

သထုံမြို့၌ ရေကျော်ကျောင်းလမ်းသွယ် ပြုပြင်ပြီးစီး

၂၂-၂-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **သထုံမြို့ ရေကျော်ကျောင်းလမ်းသွယ် ပြုပြင်ပေးပါရန်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဆိုးဆေးရည်များ စည်းကမ်းမဲ့စွန့်ပစ်မှု ဆောင်ရွက်ပြီးစီး

၁-၂-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဝမ်းတွင်းမြို့နယ် ပဲခင်းကျော်ကျေးရွာအုပ်စု တမာကုန်းကျေးရွာတွင် စက်ရက်ကန်းလုပ်ငန်းရှင်များ၏ ချည်ဆိုးဆေးရည်များကို စနစ်တကျစွန့်ပစ်မှုမရှိ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက် ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ရေစီးရေလာကောင်းမွန်ရေး ပြုပြင်ပေးစေလို

စာတည်းခင်ဗျား -

မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် ဖို့မြေလမ်းနှင့် သိမ်ဖြူလမ်းကြား၊ သိမ်ဖြူဈေးကားမှတ်တိုင်အနီးရှိ ရေဆိုးရေညစ်များ စီးဆင်းရန်နောက်ဖေးလမ်းကြားရှိ စည်ပင်သာယာမြေတွင် သိမ်ဖြူလမ်းမျက်နှာစာရှိ စီးပွားရေးလုပ်ငန်းရှင်များက အခိုင်အ မာအုတ်ခုံများ တည်ဆောက်ပြီး သံမံတလင်းခင်းကာ ဝင်းထရံကာရံထားပြီး မီးစက်ကြီး များနှင့် အခြားပစ္စည်းများထားရှိခြင်းကြောင့် ရေဆင်းမြောင်းကျဉ်း၍ အမှိုက်များ ပိတ်ဆို့ကာ ရေစီးရေလာမကောင်းဘဲ ရေကြီးသည့်အခါ ရေဆိုးရေညစ်များလျှံတက်၍ အနီးအနားရှိ နေအိမ်များအတွက် မကြာခဏ ရေဆိုးများဝင်ရောက်ပါသဖြင့် အဆိုပါ ဒုက္ခများ ကင်းဝေးစေရန် သက်ဆိုင်ရာမှလိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူ/လမ်းသားများ**

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ဗီတာမင်ဘီဓာတ် ပြည့်ဝစွာစားသုံးလျှင် အဆုတ်ကင်ဆာဖြစ်ပွားမှုကို ကာကွယ်နိုင်

လန်ဒန် ဇွန် ၂၀

ကောင်းမြတ်သူ-ရေးသားသည်

လူတို့၏ သွေးအတွင်း ဗီတာမင်ဘီဓာတ် ပြည့်ဝစွာ စားသုံးသူများ အနေဖြင့် အဆုတ်ကင်ဆာဖြစ်ပွားမှုကို လျော့ကျစေနိုင်ကြောင်း ဥရောပသုတေသီများက အကြိုပြု တင်ပြထားသည်။

ဆန်းစစ်လေ့လာ

ဘီတာမင်ဘီ-၆ နှင့် အမိုင်နိုအက်စစ်ဓာတ်ကြွယ်ဝသူများသည် အဆုတ်ကင်ဆာဖြစ်ပွားမှုကို ထက်ဝက်လျော့ကျစေနိုင်ကြောင်း လူဦးရေ ၄၀၀၀၀၀အား သုတေသနပြုဆန်းစစ်လေ့လာရာမှ သိရသည်။

ကာကွယ်ပေး

ဗီတာမင်ဘီဓာတ် ကြွယ်ဝစေရန်အတွက် လူတို့အနေဖြင့် ပဲအမျိုးမျိုး၊ ငါး သို့မဟုတ် အသားတစ်မျိုးမျိုးကို စားသုံးပေးသင့်ကြောင်း၊ ဆေးလိပ်သောက်သုံးမှုကို ရှောင်ကြဉ်ပါက ပို၍ အဆုတ်ကင်ဆာဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်ဆေးဘက်ဆိုင်ရာအသင်းဂျာနယ်၌ ဖော်ပြထားသည်။

လေ့လာတွေ့ရှိ

ဥရောပ ၁၀နိုင်ငံ၌ လွန်ခဲ့သောရှစ်နှစ်က ဗီတာမင်ဘီဓာတ် ကြွယ်ဝစွာ စားသုံးသူများနှင့် မစားသုံးသူများကို နှိုင်းယှဉ်လေ့လာခဲ့ရာ ဗီတာမင်ဘီဓာတ်ကြွယ်ဝစွာ စားသုံးသူအများစုမှာ အဆုတ်ကင်ဆာဖြစ်ပွားမှု နည်းပါးစေကြောင်း လေ့လာတွေ့ရှိခဲ့သည်။

(အင်တာနက်)

ညောင်ဦးခရိုင် လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်အတွင်း၌ စိမ်းစိုသော သစ်ပင်ကြီးများ ပတ်ရံလျက်ရှိသည့် ကြောင်နံ့သာရေကန်ကြီးက ဤသို့ သာမောဖွယ်....။

သစ်ပင်ပန်းမန်တို့ဖြင့် စိမ်းလန်းဝေဆာနေသည့် ညောင်ဦးခရိုင်အတွင်းက အိုအေစစ်ရိပ်မြုံလေး

သတင်းခရီးသည် ➢ မြင့်ဝေလှိုင်၊ မှတ်တမ်းဓာတ်ပုံ ➢ ရဲသူရအောင်(ညောင်ဦး ပြန်/ဆက်)၊ စာမျက်နှာဖွဲ့စည်းမှု ➢ လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

ညောင်ဦး ဇွန် ၂၀

မိုးလေးတစ်ဖြိုက် နှစ်ဖြိုက်ရွာချလိုက်သည်နှင့် အညာဒေသရှိ သစ်တောသစ်ပင်တို့ စိမ်းစိမ်းစိုစို ဖြစ်လာသည်ကို တွေ့ရသည်။ ယခုနှစ် အညာဒေသ၏အပူချိန်သည် စံချိန်တင်ရလောက်အောင်ပင် ပူပြင်းလှ၏။ အချို့ဒေသများတွင် အညာနွေ၏အပူချိန်သည် ၄၅ဒီဂရီစင်တီဂရိတ် အထက်သို့ပင် ရောက်လေသည်။ သစ်တောသစ်ပင်တို့သည်ကား နာလန်မထူနိုင်လောက်အောင် ရှိတော့သည်။ *စာမျက်နှာ ၉ ကော်လံ ၂* ✻

21-6 (20).pmd 1 6/21/2010, 4:17 AM